# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။


၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Apichet Suesat အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့** ဖတ်စရာ

**ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. PRAK Sokhonn ရန်ကုန်မြို့သို့ ရောက်ရှိ**


စာမျက်နှာ » ၅




**နှစ်တစ်ရာတိုင်၊ သစ္စာခိုင်မြဲ၊ သမဝါယမ အောင်လံမလဲ၊ ပန်းပန်လျက်ပဲ**


စာမျက်နှာ » ၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဂုဏ်ဒြပ်မြင့်မားရေး ကြိုးပမ်း

မြန်မာနိုင်ငံတွင် မြောက်မှတောင်သို့ သွယ်တန်းစီးဆင်းနေသည့် တောင်ကုန်းတောင်တန်းများနှင့် မြစ်ကြီးလေးသွယ်တည်ထွန်းနေမှု ပထဝီဝင်ဘူမိသက်တမ်းအနေအထားအရ မြန်မာနိုင်ငံသည် ကမ္ဘာကြီးဖြစ်တည်ပြီးနောက် ရှေးနှစ်ပေါင်းနှစ်သန်းချီကာလကတည်းက အခိုင်အမာတည်ရှိနေသည်ကို လေ့လာတွေ့ရှိထားကြသည်။ ပထဝီအနေအထားတည်ရှိမှုနှင့်အတူ သက်ရှိလူသားများနှင့် ယဉ်ကျေးမှုအဆင့်အတန်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည့် အထောက်အထားများတွေ့ရှိထားသည်။

သမိုင်းမတင်မီကာလမှစတင်၍ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုများ အဆက်မပြတ် ဖြစ်ပေါ်တိုးတက်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်မှုတွင် အခြားနိုင်ငံဒေသများထက် ပို၍ထူးခြားသည်မှာ မြန်မာ့မြေပေါ်တွင် လူမျိုးနွယ်အစ အဆင့်မြင့်ပရိုင်းမိတ်များ ပေါ်ပေါက်ကျက်စားခဲ့သည့် ရုပ်ကြွင်းအထောက်အထားများ တွေ့ရှိရခြင်းဖြစ်သည်။ တောတောင်ရေမြေ သဘာဝသယံဇာတပေါများကြွယ်ဝသည့် မြန်မာ့မြေတွင် ရှေးဦးလူသားတို့နေထိုင်ခဲ့ကြကြောင်းကို တူးဖော်တွေ့ရှိခဲ့သော ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုဆိုင်ရာအထောက်အထားများက အထင်အရှားသက်သေထူလျက်ရှိသည်။

မြန်မာနိုင်ငံ ဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးများသည် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ စသည့်မြို့ပြနိုင်ငံများ တည်ထောင်ခဲ့ကြသည်။ မြို့ပြနိုင်ငံများခေတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှေးနှစ်ပေါင်းရာပေါင်းများစွာကတည်းကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေနိုင်ခဲ့သူများဖြစ်ကြောင်း ထင်ရှားပေါ်လွင်စေပါသည်။ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစွာတည်ထွန်းခဲ့သော ရှေးဟောင်းမြို့ပြယဉ်ကျေးမှုအမွေအနှစ်များ မပျောက်မပျက်တည်ရှိပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သဖြင့် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် အသိအမှတ်ပြုခံခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် အသိအမှတ်ပြုခံထားရသည့် ရှေးဟောင်းမြို့ပြယဉ်ကျေးမှုအမွေအနှစ်များသာမက သမိုင်းမတင်မီကာလ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း အစောပိုင်းကာလကတည်းက မြန်မာနိုင်ငံမှ ဘူမိဗေဒပညာရှင်များက ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ ယခုအခါ မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ပရိုင်းမိတ်ကာလသမိုင်းစဉ်ဆွေးနွေးပွဲကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ကျင်းပလျက်ရှိရာ ပရိုင်းမိတ်ကာလသမိုင်းစဉ်(မူကြမ်း)ကို မြန်မာသမိုင်းအဖွဲ့မှ သမိုင်းပညာရှင်ကြီးများနှင့် ပရိုင်းမိတ်ပညာရှင်များက ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများ၊ သုတေသနပြုတွေ့ရှိချက်များနှင့် ခေတ်ခွဲခန်းများမှ ခေတ်ခွဲတွေ့ရှိချက်များ၊ သက်တမ်းတွေ့ရှိချက်များကို ဆွေးနွေးနေကြသည်။

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့သမိုင်းအဖွဲ့က ရေးသားပြုစုလျက်ရှိရာ ပရိုင်းမိတ်ကာလသမိုင်းစဉ်၊ ကျောက်ခေတ်ကာလသမိုင်းစဉ်၊ ကြေးခေတ်၊ သံခေတ်ကာလသမိုင်းစဉ် သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလသမိုင်းစဉ်တို့နှင့်ပတ်သက်၍ မူကြမ်းပြုစုရေးသားထားပြီးဖြစ်သည်။ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ သုတေသနပြုဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသောသမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံရေးသားနိုင်ရန် ပရိုင်းမိတ်ကာလသမိုင်းစဉ်ဆိုင်ရာဆွေးနွေးပွဲကို ပြုလုပ်နေခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ပညာရှင်အသီးသီးတို့က မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရသည့် သက်နှောင်းကပ်သက်တမ်းရှိ ပုံတောင်ကျောက်လွှာစုမှ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အထောက်အထားများ၊ မြန်မာနိုင်ငံ၌တွေ့ရှိရသော ပရိုင်းမိတ်အမျိုးအစား မျိုးစုမျိုးစိတ်ရှစ်မျိုး၊ အဆင့်နိမ့်မျိုးစိတ်နှစ်မျိုးနှင့် နောက်တွေ့ပရိုင်းမိတ်အထောက်အထားများ၊ ရေဝတီကျောက်လွှာစုမှ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အထောက်အထားများ၊ မြန်မာနိုင်ငံတွင် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိနိုင်မှုအနေအထားများ၊ ပထဝီအနေအထားကုန်းမြေချပ်များပြောင်းလဲလာပုံနှင့် လွန်ခဲ့သောနှစ်သန်းပေါင်း ၆၄ သန်းက မြန်မာနိုင်ငံသည် ကမ္ဘာ့တောင်ဘက်ခြမ်းတွင်တည်ရှိခဲ့ပြီး ကျောက်လွှာနှစ်ချပ်ပွတ်တိုက်ခြင်းဖြင့် ယနေ့ခေတ် ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် တည်ရှိလာပုံအကြောင်းတို့ကို ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ်အရာများနှင့် သမိုင်းဂုဏ်ရောင်ထွန်းပြောင်နိုင်စေရန် ကြိုးပမ်းအားထုတ်မှုများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်သုတေသနပြု ဆန်းစစ်တွေ့ရှိချက်များသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသော မြန်မာနိုင်ငံ၏ သမိုင်းဂုဏ်ရောင်ကို ထွန်းလင်းတောက်ပြောင်အောင် မြှင့်တင်ပေးခြင်း၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြစ်၍ သမိုင်းမတင်မီကာလ၊ သမိုင်းတင်ကာလ၊ သမိုင်းတင်ပြီးကာလ ယဉ်ကျေးမှုအမွေအနှစ်များ ကြိုးပမ်းထုတ်ဖော်ခြင်းများကို ကြိုဆိုလိုက်ရပါကြောင်း။ ။

## ပခုက္ကူစာပေဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရသူများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ယခုအခါ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အခမ်းအနားကို ဇူလိုင် ၈ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် အမှတ် (၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ပခုက္ကူစာပေဆုရရှိကြသူများ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁-၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇွန် ၂၉



ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိမြသီတဂူ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ စိန်ပါဒီကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ဓမ္မသုခဇောတိ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရှိ မြသိန်းတန် စာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၂၂ | ၁၆၄,၅၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၄၀၈ | ၁,၀၈၆,၂၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၁၄ | ၉၉,၄၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၀ | ၅၀,၀၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၀ | ၂၆,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၄၅.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၆.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၆၀၉ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၄၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၂.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၁.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၇.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၅၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Apichet Suesat တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချစ်ဆွေတို့ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူး Col. Saranyanis Sutthiwajachinadej နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့် အကြမ်းဖက်မှုဖြစ်စဉ်များ ပပျောက်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ ဖလှယ်နိုင်ရေးတို့အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်မည့် အခြေအနေ၊ မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန်ရည်ရွယ်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးနေမှု အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုကို ထိုင်းတပ်မတော်မှလည်း ၎င်းတို့၏နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Apichet Suesat အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုကို ထိုင်းတပ်မတော်မှလည်း ၎င်းတို့၏ နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဘောလုံးအားကစားကွင်းနှင့် ပွဲကြည့်စင်ကိုလည်းကောင်း၊ ပြည်ခရိုင် အားကစားခန်းမနှင့် ဘောလုံးအားကစားကွင်းတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ခရိုင်ဘောလုံးအားကစားကွင်းတွင် ပွဲကြည့်စင်နှင့် Inter Fencing တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ခရိုင်နှင့် ပြည်မြို့နယ်များမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ ဝန်ထမ်းကောင်းမှ နိုင်ငံတိုးတက်ကောင်းမွန်မည်ဆိုသည့်အတိုင်း ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်သို့ ရောက်ရှိပြီး ရွှေတောင်မြို့နယ် အားကစားကွင်း၊ မိုးလုံလေလုံ အားကစားရုံ၊ ဘောလုံးအားကစားကွင်းနှင့် ပွဲကြည့်စင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ရောက်ရှိပြီး တိုက်ကြီးမြို့နယ် အားကစားကွင်းကိုလည်းကောင်း၊ မှော်ဘီမြို့နယ် အားကစားကွင်းကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အများပြည်သူများ လာရောက်လေ့ကျင့်ကစားရာတွင် အဆင်ပြေစေရေးအတွက် လျှောက်လမ်းများဆောင်ရွက်ပေးရန်၊ အုတ်တံတိုင်းများ ပြန်လည်ပြုပြင်ပေးရန်နှင့် တာဝန်ရှိသူများအနေဖြင့် အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ပြီး အကျိုးရှိစွာ အသုံးပြုနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဌာနအကြီးအကဲများ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အကြို အားကစားပြိုင်ပွဲ (ဗိုလ်လုပွဲ)များ ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်၊ ဒေါ်သန်းသန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) ရုံးအမှတ်(၅၅)ရှိ အားကစားကွင်းများတွင် ကျင်းပနေသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်(၇၀) ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အကြို အားကစားပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဇွန် ၁၅ ရက်မှ ယနေ့အထိ ကျင်းပ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ စိတ်အပန်းပြေစေရေး၊ ဝန်ထမ်းတိုင်း မိမိတို့ဝါသနာပါရာ အားကစားနည်းများဖြင့် ကျန်းမာပျော်ရွှင်စွာ ကိုယ်လက်လှုပ်ရှားစေရေး၊ ဝန်ထမ်းများအချင်းချင်း အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်များနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် အားကစားပြိုင်ပွဲများဖြစ်သည့် ဘော်လီဘောပြိုင်ပွဲ (အမျိုးသား)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသား)၊ ထုပ်ဆီးတိုးပြိုင်ပွဲ (အမျိုးသမီး)၊ ကြက်တောင်ရိုက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ (အမျိုးသား) အားကစားပြိုင်ပွဲများကို ဇွန် ၁၅ ရက်မှ ယနေ့အထိ ကျင်းပခဲ့သည်။

ယနေ့ကျင်းပသည့် ဘော်လီဘောပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲတွင် သတင်းနှင့် လုံခြုံရေးဌာန (က) အသင်းနှင့် စီမံခန့်ခွဲမှုနှင့်လူသား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သတင်းနှင့်လုံခြုံရေး (က)အသင်းကလည်းကောင်း၊ ပိုက်ကျော်ခြင်း





ပြိုင်ပွဲ (အမျိုးသား)ဗိုလ်လုပွဲတွင် ငွေကြေးစီမံခန့်ခွဲမှုဌာန (က)အသင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဌာန (ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငွေကြေးစီမံခန့်ခွဲမှုဌာန (ခ)အသင်းက လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အားကစားပြိုင်ပွဲများတွင် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် သတင်းနှင့်လုံခြုံရေးဌာန (က) အသင်းက ပထမ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(က)အသင်းက ဒုတိယနှင့် ငွေကြေး စီမံခန့်ခွဲမှုဌာနက တတိယဆုများကို လည်းကောင်း၊ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲတွင် ငွေကြေးစီမံခန့်ခွဲမှုဌာန (က)အသင်းက ပထမ၊ ငွေကြေးစီမံခန့်ခွဲမှုဌာန (ခ)အသင်းက ဒုတိယနှင့် ဥက္ကဋ္ဌရုံးက တတိယဆုများကို လည်းကောင်း၊ ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲတွင် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနက ပထမ၊ ငွေကြေးစီမံခန့်ခွဲမှုဌာနက ဒုတိယနှင့် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနက တတိယဆုများကိုလည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပွဲစဉ်တွင် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနက ပထမ၊ သတင်းနှင့်လုံခြုံရေးဌာနက ဒုတိယနှင့် တတိယဆုများကိုလည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီး ပွဲစဉ်တွင် စာရင်းဌာနက ပထမနှင့် ဒုတိယ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနက တတိယဆုများကို လည်းကောင်း၊ စားပွဲတင် တင်းနစ် ပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် ဘဏ်တွင်းစာရင်းစစ်ဌာနက ပထမ၊ သတင်းနှင့် လုံခြုံရေးဌာနက ဒုတိယနှင့် တတိယဆုများကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဆုရအားကစားအသင်းများနှင့် အားကစားသမားများကို ဇူလိုင် ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲတွင် ထိုက်တန်စွာဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နေကြာနှင့် ပဲတီစိမ်း သီးညှပ်စိုက်ပျိုးခြင်း စံပြကွက်ကြည့်ရှုအားပေး

**မုံရွာ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့နယ် ခံတောကျေးရွာရှိ ဆင်းရွှေကြာ(၂)နေကြာနှင့် ရေဆင်း ၁၄ ပဲတီစိမ်း သီးညှပ်စိုက်ပျိုးခြင်း စံပြကွက်သို့ရောက်ရှိရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် တာဝန်ရှိသူများက နေကြာနှင့် ပဲတီစိမ်း သီးညှပ်စိုက်ပျိုးခြင်းနှင့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးနေကြာများ ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မုံရွာမြို့နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးနေကြာ လျာထားဧက ၈၄၀၊ စိုက်ပျိုးပြီးဧက ၃၁၂ ဧကအား လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များထုတ်ယူရရှိရေး၊ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ရှိ



သူများက အလေးထားဆောင်ရွက်သွားကြရန် မှာကြားကာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆင်းရွှေကြာ(၂) နေကြာနှင့် ရေဆင်း ၁၄ ပဲတီစိမ်း သီးညှပ်စိုက်ပျိုးခြင်း စံပြကွက် အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ ထရိုင်ဂိုဂရားမား ဥကပ်ပါး နကျယ်မွေးမြူရေးခတ်ခွဲခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆန်ထွေးပိုးမွေးမြူခန်းနှင့် ဥကပ်ပါးနကျယ် မွေးမြူထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လိုက်လံ ရှင်းလင်းပြသသည်။

**အထောက်အကူပြု**

ထရိုင်ဂိုဂရားမား ဥကပ်ပါးနကျယ်သည် သဘာဝအလျောက်ရှိသော နကျယ်မဟုတ်ဘဲ စနစ်တကျ ဇီဝနည်းကို အသုံးပြု၍ ဖျက်ပိုးဥမြုံများကို ကပ်ပါးပြု၍ သီးနှံစိုက်ခင်းများအတွင်း ပိုးမွှားကျရောက်မှုကို ကာကွယ်နှိမ်နင်းပြီး တောင်သူအကျိုးပြု မိတ်ဆွေပိုးဖြစ်ကာ ဓာတုပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ သီးနှံများတွင် ဓာတုဓာတ်ကြွင်း အာနိသင်ပါဝင်မှုလျှော့ချ၍ ဘေးကင်းသော စားသုံးသီးနှံများရရှိခြင်း၊ တစ်ကေကုန်ကျစရိတ် လျှော့နည်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျှော့နည်းခြင်းများကို အထောက်အကူပြုကြောင်း သိရသည်။

**တိုင်းဒေသကြီး( ပြန်/ဆက်)**

# စလင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းနှင့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**စလင်း ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ စလင်းမြို့နယ် သူဌေးကုန်း (စစ်ကုန်း) မြစိမ်းရောင်ကျေးရွာ လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် ပြန်လည်ပေးဆပ်ခြင်းနှင့် ဆဋ္ဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းများကို ဇွန် ၂၈ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဆက်လက်ပြီး မင်းဘူးခရိုင်တာဝန်ခံ ဦးသိန်းကိုကိုထွန်းက ကျေးရွာသူ ကျေးရွာသားများအား ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။


ထို့နောက် ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဗီနိုင်းပိုစတာများကို ရေလုပ်သားများနှင့်အတူ စိုက်ထူပြီး ဧရာဝတီမြစ်အတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးခရိုင်အတွင်း၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**ကလေး ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ကလေးခရိုင် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် ကလေးဒေသ ကွက်ကဲရေးမှူးတို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကလေးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများသည် ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်တို့တွင် နေထိုင်ကြသည့် ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပြုစုခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဌာနလျာထားချက် ၁၀၀ ရာခိုင်နှုန်းကို သတ်မှတ်ကာလမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။



ကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ကလေးခရိုင်အတွင်းရှိ ကလေးမြို့နယ်တွင် ၁၂၅၇ ဦး၊ ကလေးဝမြို့နယ်တွင် ၂၃၅၉ ဦး၊ မင်းကင်းမြို့နယ်တွင် ၄၂၃၂ ဦးတို့ကို မှတ်ပုံတင်ကတ်ပြားများ ဆောင်ရွက်ပေးရန်လျာထားခဲ့ရာ ကလေးမြို့နယ်တွင် ၁၂၈၆၇ ဦး၊ ကလေးဝမြို့နယ်တွင် ၂၃၉၀ နှင့် မင်းကင်းမြို့နယ်တွင် ၄၂၃၂ ဦးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် ၁၁၆ ဒသမ ၂၄ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကလေး(ပြန်/ဆက်)**

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီကို** ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏** တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

## မိဘပြည်သူများ၏ မေတ္တာရပ်ခံချက်အရ တပ်မတော်ဆိုင်ရာ တက္ကသိုလ်များ၏ ဗိုလ်လောင်းဝင်ခွင့်များအတွက် အသက်ကန့်သတ်ချက် တိုးမြှင့်သတ်မှတ်

**နေပြည်တော် ဇွန် ၂၉**

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်နှင့်ပတ်သက်၍ မိဘပြည်သူများ၏ မေတ္တာရပ်ခံချက်အရ အသက်ကန့်သတ်ချက်ကို ယခင်ထက် ၆ လတိုး၍ ပြင်ဆင်သတ်မှတ်ပေးလိုက်ကြောင်း သိရှိရသည်။

အဆိုပါတက္ကသိုလ်များအတွက် ဗိုလ်လောင်းဝင်ခွင့်လျှောက်ထားမှုတွင် ယခင်သတ်မှတ်ချက် **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ်ထက်မကြီးရ** (အစား) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လ ထက်မကြီးရ**ဟု တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် ဇွန် ၂၉**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှတစ်ဆင့် ရန်ကုန်မြို့သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဗဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.CHHOUK Bunna နှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

H.E.Mr.PRAK Sokhonn နှင့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း ၂၀၂၂ ခုနှစ် မေ ၆ ရက်က ကျင်းပခဲ့သော အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အစည်းအဝေးရလဒ်များနှင့် အာဆီယံဘုံသဘောတူညီမှုငါးရပ် အကောင်အထည်ဖော်ဆောင်ရန်၊ ခရီးစဉ်အတွင်း တွေ့ဆုံမှုများမှတစ်ဆင့် အားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲအတွက် အထောက်အကူဖြစ်စေရန်၊ မြန်မာနိုင်ငံအတွင်းဖြစ်ပွားနေသော ပဋိပက္ခများတွင် ငြိမ်းချမ်းသောနည်းလမ်းဖြင့် အမျိုးသားရေးပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တစ်ရပ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂) ကျင်းပ




**နေပြည်တော် ဇွန် ၂၉**

ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၂) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်ကြရန်လို**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထွန်းအုံက မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် အမည်စာရင်း အဆိုမပြုမီ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို သစ်တောဦးစီးဌာန စီမံအုပ်ချုပ်မှုအောက်ရှိ Geosite ၁၄ ခုဖြင့် ကနဦးတည်ထောင်သွားရန် ဖြစ်ကြောင်း၊ နောင်ပေါ်ပေါက်လာမည့် ဘူမိဥယျာဉ်များကို ဆက်စပ်ဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

ပုပ္ပားတောင်ဒေသကို UNESCO Global Geopark အဖြစ် သတ်မှတ်မည်ဆိုပါက ဘူမိ-ခရီးသွားလုပ်ငန်း (Geotourism) ပေါ်ပေါက်လာမည်ဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည့်အတွက် ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများအပြင် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ(၂) ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်များ၊ UNESCO အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ဥက္ကဋ္ဌ (Geopark)ကော်မတီ၊ UNESCO နှင့် တာဝန်ရှိသူများ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဘိုကလေး ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဘိုကလေး-ကဒုံကနိကားလမ်း ကံ့ကော်တစ်ထောင်ဘုရားအနီး၌ ကျင်းပသည်။

ယင်းမိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်သိန်းထွဋ်နှင့် သစ်တောဦးစီးဌာန ဝန်းထမ်းများ၊ ပေချောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၃၀၀၊ မဟော်ဂနီပင် ၃၀၀၊ မာလာလူးကား ၃၀၀၊ မန်ကျည်းပင် ၃၀၀ စုစုပေါင်းအပင် ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**၃၆၄**



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နှစ်တစ်ရာတိုင်၊ သစ္စာခိုင်မြဲ၊ သမဝါယမအောင်လံမလဲ၊ ပန်းပန်လျက်ပဲ

စစ်လွမ်းနောင်(မန်းမြေသား)

နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ရောက်ရှိလာပြီဆိုတော့ ကျွန်တော့်ရဲ့အတွေးထဲ ဆရာဇော်ဂျီ ခံစားရေးဖွဲ့ခဲ့တဲ့ ကဗျာတစ်ပုဒ်ကို သွားပြီးသတိရလိုက်မိပါတယ်။ နှုတ်ကလည်း သူ့အလိုလို ကဗျာစာသား တစ်ပိုဒ်ကို ရွတ်ဆိုမိလိုက်ပါတယ်၊ **“ အယက်အကန်ခံလို့ ၊ ဖေဒါပျံ့ အံကိုခဲ ၊ ပန်းပန်လျက်ပဲ ”** ဆိုပြီးတော့လေ။

အဲဒီ **“ပန်းပန်လျက်ပဲ”** ကဗျာထဲက ဖေဒါပင်လေးဟာ လှိုင်းတံပိုးတွေအောက် ရောက်သွားလိုက်၊ ရေထဲမျောပါလာတဲ့ အုန်းလက်ကြွေတွေက သူ့နံဘေး ဝင်ဆောင့်လိုက်၊ လှိုင်းအကြွမှာ ပြန်ပေါ်လာလိုက်၊ ပြန်ပေါ်လာတော့လည်း ချောင်း အဆွယ်ဆွယ် မြောင်းငယ်အသွယ်သွယ်ထဲက ဘဲအုပ်တစ်ရာနှစ်ရာက ထိုးမယ်ဆိတ်မယ်၊ စားမယ် ဝါးမယ်တကဲကဲ။ အဲဒီလိုနဲ့ ဖေဒါပင်လေးခမျာ အန္တရာယ်တွေကြားထဲကနေ လောကဓံရဲ့ရိုက်ခတ်မှုဒဏ်ကို ယက်ကန်ယက်ကန်နဲ့ ကြိုးစားကာ ကြံ့ကြံ့ခံလို့ အထက်ဆီသို့ပျံ့တက်ဖို့ အံကိုကြိတ်ပြီး အားခဲရုန်းကန်ခဲ့တဲ့အတွက် ကိုယ့်ရေစီးကြောင်းမှာ ကိုယ်တိုင်ပွင့်တဲ့ပန်းကို ကိုယ်တိုင်ပန်ဆင်ပြီး ရပ်တည်နိုင်ခဲ့သလိုမျိုး ကျွန်တော်တို့ သမဝါယမရဲ့ ခေတ်အဆက်ဆက် ရပ်တည်ခဲ့ရပုံကို နှိုင်းယှဉ် ဆက်စပ် တွေးမိလိုက်လို့ပါ။

## မြန်မာ့သမဝါယမအစ မြင်းမူက

ကျွန်တော်က ဘာဖြစ်လို့ ဒီလိုပြောရတာလဲ ဆိုတော့ ကျွန်တော်တို့သမဝါယမရဲ့ သမိုင်းကြောင်း ကို ပြန်ကြည့်ရင် တစ်ချိန်က ကျွန်တော်တို့ မြန်မာ နိုင်ငံဟာ အင်္ဂလိပ်အစိုးရလက်အောက် အိန္ဒိယ နိုင်ငံရဲ့ ပြည်နယ်တစ်ခုအနေနဲ့ ရပ်တည်နေခဲ့ရတဲ့ အချိန်တုန်းက အိန္ဒိယနိုင်ငံမှာ စီးပွားရေးအကျပ် အတည်းတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတော့ အိန္ဒိယ ဗဟိုအစိုးရက **ဆာအက်ဒဝပ်လောဆိုသူ ခေါင်းဆောင်တဲ့ ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ၁၉၀၄ ခုနှစ် ငွေစုငွေချေးသမဝါယမအသင်းများဆိုင်ရာ ဥပဒေကို** ရေးဆွဲစေခဲ့ပြီး သမဝါယမအသင်းတွေ ဖွဲ့စည်းဖို့ ၁၉၀၄ ခုနှစ် မတ်လမှာ ထုတ်ပြန်ပြဋ္ဌာန်း ခဲ့ပါတယ်။အဲဒီဥပဒေဟာအိန္ဒိယနိုင်ငံအတွင်းမှာရှိတဲ့ ပြည်နယ်အားလုံးကို အကျိုးသက်ရောက်ခဲ့သလို သူ့ရဲ့ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေရတဲ့ မြန်မာ နိုင်ငံဟာလည်း အကျိုးသက်ရောက်စေခဲ့ပါတယ်။ ဒါကြောင့် အဲဒီဥပဒေအရ မြန်မာနိုင်ငံဟာ စစ်ကိုင်း တိုင်းဒေသကြီး မြင်းမူမြို့မှာ **“မြင်းမူငွေစုငွေချေး သမဝါယမအသင်း”** ကို ၁၉၀၅ ခုနှစ် ဇန်နဝါရီလ

> အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
> ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂)ရက် (စနေနေ့)
>
> “Cooperatives Build a Better World”
> “ကမ္ဘာ့လောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး”

၃ ရက်နေ့က အသင်းသား ၉၀ နဲ့ ပထမဦးဆုံး သမဝါယမအသင်းအဖြစ် စတင်မှတ်ပုံတင်ဖွဲ့စည်းခဲ့ ကြတယ်။ ဒီလိုနဲ့ မြန်မာနိုင်ငံမှာ ခုနစ်နှစ်ကျော်ကာလ အတွင်း သမဝါယမအသင်းတွေ အမြောက်အမြား ဖွဲ့စည်းခဲ့ကြတယ်။

အဲဒီ **၁၉၀၄ ခုနှစ်ငွေစုငွေချေးသမဝါယမအသင်း များဆိုင်ရာဥပဒေ**ရဲ့ ရည်ရွယ်ချက်က လယ်ယာ စိုက်ပျိုးသူတွေ၊ လက်မှုပညာသည်တွေ၊ ငွေအရင်း အနှီးချို့တဲ့သူတွေ ချွေတာစုဆောင်းတတ်တဲ့ အလေ့ အထ၊ ကိုယ့်ထူးကိုယ်ချွန်လုပ်ကိုင်လိုစိတ်နဲ့ အချင်း ချင်း ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့် တွေ ဖြစ်ပေါ်လာစေဖို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့ သမဝါယမအသင်းတွေဟာ အဲဒီဥပဒေရဲ့ရည်ရွယ် ချက်တွေဖြစ်တဲ့ ချွေတာစုဆောင်းတတ်တဲ့ အလေ့အထလည်းဖြစ်မလာ၊ ကိုယ်ထူးကိုယ်ချွန် လုပ်ကိုင်လိုတဲ့ စိတ်ဓာတ်လည်းမပေါ်ပေါက်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်လိုတဲ့ အလေ့အကျင့် ဖြစ်ပေါ်အောင်လည်း မကြိုးပမ်းခဲ့ကြဘူး။ အဲဒီတုန်းက သမဝါယမအသင်းတွေဟာ အစိုးရဆီ ကနေ စိုက်ပျိုးစရိတ်ချေးငွေ၊ အတိုးနှုန်းသက်သက် သာသာနဲ့ရမယ့် ဘဏ်ချေးငွေတွေ ချေးယူသုံးစွဲရဖို့ ကိုပဲ အာရုံထားခဲ့တဲ့အတွက် မအောင်မြင်ခဲ့ကြဘူးလေ။

အဲဒါကြောင့် ၁၉၀၄ ခုနှစ် ငွေစုငွေချေး သမဝါယမအသင်းများဆိုင်ရာဥပဒေကို ဖျက်သိမ်း ပြီး ဒုတိယမြောက်ဥပဒေဖြစ်တဲ့ **၁၉၁၂ ခုနှစ် သမဝါယမအသင်းများဆိုင်ရာ အက်ဥပဒေ**ကို ပြဋ္ဌာန်းလိုက်တဲ့အခါ မြန်မာတစ်နိုင်ငံလုံးမှာ ကျေးလက်ငွေစုငွေချေးသမဝါယမအသင်း ၄၀၉၇ သင်းနဲ့ အခြားအသင်း ၁၄၆၆ သင်း စုစုပေါင်း ၅၅၆၃ သင်း၊ အသင်းသားဦးရေ စုစုပေါင်း ၁၅၆၀၀၃ ဦးအထိ ရှိလာခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက သမဝါယမအသင်းတွေဟာ ကိုလိုနီအစိုးရရဲ့ပယောဂ ကြောင့် ဖွဲ့စည်းခဲ့ရတာဖြစ်ပြီး သမဝါယမရဲ့အခြေခံ သဘောတရားတွေကို သိရှိနားလည်ခြင်းမရှိဘဲ ကိုယ့်သဘောနဲ့ကိုယ် ကိုယ်ထင်ရာကိုယ်လုပ်ခဲ့ကြ တဲ့အတွက် ၁၉၂၅ ခုနှစ်မှ ၁၉၃၅ ခုနှစ်အတွင်း ဖွဲ့စည်းခဲ့တဲ့ သမဝါယမအသင်းပေါင်း ၅၅၆၃ သင်း ရှိရာကနေ သုံးပုံတစ်ပုံလောက်သာကျန်တဲ့အထိ လျော့နည်းကျဆင်းသွားခဲ့ရပြန်ပါတယ်။

## ၁၉၃၅ ခုနှစ် သမဝါယမအသင်းများ ပြန်လည်ပြုပြင်ရေး စီမံကိန်း

ဒီလိုနဲ့ ၁၉၁၂ ခုနှစ် သမဝါယမအသင်းများ ဆိုင်ရာအက်ဥပဒေဟာ မပြည့်စုံမလုံလောက်တဲ့ အတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရ ဥပဒေပြုပိုင် ခွင့် ရရှိထားပြီးဖြစ်တဲ့ မြန်မာအစိုးရက တတိယ မြောက်ဥပဒေအဖြစ် **၁၉၂၇ ခုနှစ် သမဝါယမအက် ဥပဒေ**ကို အသစ်ထုတ်ပြန်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီ ဥပဒေအရအသင်းတွေကို ဒလကြမ်းစာရင်း ရှင်းလင်းဖျက်သိမ်းတဲ့အခါ အကြွေးရှိတဲ့အသင်းသား မှန်သမျှ လယ်ယာမြေတွေ၊ လှည်းတွေ၊ နွားတွေ၊ နောက်ဆုံး အိမ်ပါမကျန် ဝရမ်းထုတ်ဖမ်းဆီး လေလံ ပစ်တာကိုခံခဲ့ကြရပါတယ်။ အဲဒီလို လယ်ယာမြေနဲ့ ပစ္စည်းတွေသိမ်းဆည်းခဲ့ပေမဲ့ သမဝါယမချေးငွေ နဲ့ အစိုးရဘဏ်ချေးငွေတွေကတော့ ပြန်မရခဲ့ပါဘူး။ ဒါ့ကြောင့် ဖြစ်ပေါ်နေတဲ့အခြေအနေအရပ်ရပ်ကို ပြန်လည်ပြုပြင်ဖို့ အစိုးရက ကြေးတိုင်နှင့် မြေစာရင်းမင်းကြီး ဦးတင်ကြီးကို သမဝါယမမင်းကြီး အဖြစ်ခန့်အပ်ကာ **၁၉၃၅ ခုနှစ် သမဝါယမအသင်း များ ပြန်လည်ပြုပြင်ရေးစီမံကိန်း**ကို ရေးဆွဲစေခဲ့ပြီး အဲဒီစီမံကိန်းအရ သိမ်းယူခံထားရတဲ့လယ်ယာမြေ တွေကို မူလသမဝါယမအသင်းသားတွေ ဒါမှမဟုတ် အမွေစားအမွေခံတွေကို ငါးနှစ်မှ ၁၅ နှစ်အထိ အရစ်ကျစနစ်နဲ့ ပြန်လည်ဝယ်ယူခွင့်ပြုခဲ့ပါတယ်။ ကြွေးဟောင်းတွေကိုလည်း အရစ်ကျစနစ်နဲ့ပြန်ဆပ် ခွင့်ပြုခဲ့ပါတယ်။ သမဝါယမဌာနက စိုက်ပျိုးစရိတ် ချေးငွေတွေကို ထုတ်ချေးပေးခဲ့ပါတယ်။ မြေဖိုးအရစ် ကျပေးဆပ်ငွေနဲ့ စိုက်ပျိုးစရိတ်ချေးငွေ အရင်း၊ အတိုးငွေတွေကို ငွေသားနဲ့မဆပ်စေဘဲ မိမိတို့ စိုက်ပျိုးတဲ့သီးနှံနဲ့ပေးဆပ်ဖို့ စာချုပ်ချုပ်ဆိုပြီး သီးနှံကိုသာ ပေးဆပ်ခဲ့ကြရပါတယ်။ အဲဒီလို ပေးသွင်း တဲ့သီးနှံတွေကို အသင်းက စုပေါင်းရောင်းချတဲ့ အတွက် ဦးတင်ကြီးရဲ့စီမံကိန်းအရ သမဝါယမ စုပေါင်းရောင်းချရေးလုပ်ငန်းဟာ ရပ်လုံးပေါ်ခဲ့ပြီး အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ ဦးတင်ကြီးရဲ့စီမံကိန်း အရ သမဝါယမအသင်းပေါင်း ၁၄၆၀ ကို ပြုပြင်

> **ကျွန်တော်တို့သမဝါယမရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် တစ်ချိန်က ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အင်္ဂလိပ်အစိုးရလက်အောက် အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအနေနဲ့ ရပ်တည်နေခဲ့ရတဲ့အချိန်တုန်းက အိန္ဒိယနိုင်ငံမှာ စီးပွား ရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတော့ အိန္ဒိယဗဟိုအစိုးရက ဆာအက်ဒဝပ်လောဆိုသူခေါင်းဆောင်တဲ့ ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ၁၉၀၄ ခုနှစ် ငွေစုငွေချေးသမဝါယမအသင်းများဆိုင်ရာဥပဒေကို ရေးဆွဲစေခဲ့ပြီး သမဝါယမအသင်းတွေဖွဲ့စည်းဖို့ ၁၉၀၄ ခုနှစ် မတ်လမှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါ တယ်။ အဲဒီဥပဒေဟာ အိန္ဒိယနိုင်ငံအတွင်းမှာရှိတဲ့ ပြည်နယ်အားလုံးကို အကျိုး သက်ရောက်ခဲ့သလို သူ့ရဲ့ပြည်နယ်တစ်ခုအဖြစ်ရပ်တည်နေရတဲ့ မြန်မာနိုင်ငံဟာ လည်း အကျိုးသက်ရောက်စေခဲ့**

ဖွဲ့စည်းပြီးတဲ့အခါမှာပဲ မြန်မာပြည်ကို ဒုတိယ ကမ္ဘာစစ်မီး ကူးစက်လာတဲ့အတွက် သမဝါယမ လုပ်ငန်းတွေအားလုံး ရပ်တန့်သွားခဲ့ရပါတယ်။

## ဂျပန်ခေတ် မြန်မာ့သမဝါယမ

မြန်မာပြည်ထဲကို ဂျပန်စစ်တပ်တွေဝင်လာ ပြီးတဲ့နောက်ပိုင်း ဂျပန်ခေတ် ဒေါက်တာဘမော်ရဲ့ အဓိပတိအစိုးရဖွဲ့စည်းပြီးတဲ့အခါ သမဝါယမဌာနကို ပြန်လည်ဖွင့်လှစ်ခဲ့တယ်။ စစ်အတွင်း မြန်မာနိုင်ငံ ဟာ နိုင်ငံခြားနဲ့အဆက်အသွယ်ပြတ်တောက်နေ ပြီး မြန်မာတွေရဲ့ဆန်ဟာ နိုင်ငံခြားဈေးကွက်မရှိတဲ့ အတွက်ဆန်စပါးတွေဟာတောင်သူလယ်သမားတွေ ရဲ့ လက်တွင်းမှာပဲ စုပုံနေခဲ့ပါတယ်။ လယ်သမားတွေ မှာ သုံးစရာငွေမရှိတော့တဲ့အတွက် အစိုးရက လယ်သမားတွေရဲ့စပါးကို မှန်းပေါင်ယူပြီး သမဝါယမ ဌာနက ငွေထုတ်ချေးဖို့ ဆန်စပါးစုပေါင်းရောင်းချ ရေးအသင်းတွေ ဖွဲ့စေခဲ့ပါတယ်။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် အစရှိတဲ့ တိရစ္ဆာန်တွေမျိုးမတုန်းစေဖို့ တိရစ္ဆာန်မွေးမြူရေးအသင်းတွေကို ဖွဲ့စည်းစေခဲ့ပြီး သမဝါယမဌာနကို ချေးငွေတွေ ထုတ်ချေးပေးစေခဲ့ တယ်။ အဲဒီ စုပေါင်းရောင်းချရေးအသင်းတွေနဲ့ တိရစ္ဆာန်မွေးမြူရေးအသင်းတွေ စုစုပေါင်း ၂၅၀ လောက်ကို ဖွဲ့စည်းမှတ်ပုံတင်နိုင်ခဲ့ပေမဲ့ စစ်ကြီး ပြီးဆုံးသွားတဲ့အခါ အဲဒီအသင်းတွေရဲ့စာရင်းတွေ၊ မှတ်တမ်းတွေ၊ စာအုပ်တွေသာမက အသင်းသားတွေ မွေးထားတဲ့ တိရစ္ဆာန်တွေပါ အားလုံးအစပျောက် သွားခဲ့ပါတယ်။

## စစ်ပြီးခေတ် မြန်မာ့သမဝါယမ

ဒီလိုနဲ့ စစ်ပြီးခေတ် ၁၉၄၅ ခုနှစ် ဗြိတိသျှတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ အစိုးရရိက္ခာ ဖြန့်ဖြူးရေးဌာနတွေဖွင့်လှစ်ပြီး ပြည်သူလူထုကို ကုန်ပစ္စည်းတွေရောင်းချပေးခဲ့ရာ လက်လီလက်ကား ကိုယ်စားလှယ်တွေက မှောင်ခိုဈေးကွက်သို့ ရောင်းချပြီး အမြတ်ထုတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံ မှာ မှောင်ခိုဈေးကွက်ပေါ်ပေါက်လာတဲ့အတွက် ၁၉၄၇ ခုနှစ် ဇွန်လမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဆိုရန်တို ဗီလာ(sorrento Villa) အဆောက်အဦတွင် နိုင်ငံရဲ့စီးပွားရေးကို ပြန်လည်ထူထောင်ဖို့ စီးပွား ရေးနှစ်နှစ်စီမံကိန်းကို ရေးဆွဲချမှတ်ခဲ့ပါတယ်။ အဲဒီ ဆိုရန်တိုဗီလာ ကွန်ဖရင့်အစည်းအဝေးက ကွန်ကိုး (CONCO)စီမံကိန်းလို့ အမည်တွင်တဲ့ စားသုံးသူ သမဝါယမလုပ်ငန်းကို ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက် အရ ပြည်သူ့ရိက္ခာဖြန့်ဖြူးရေးဌာနရဲ့ လက်လီ လက်ကားကိုယ်စားလှယ်တွေအားလုံးကို ရုပ်သိမ်း ပြီး မြို့ပေါ်ရပ်ကွက်တိုင်း/ ကျေးရွာအုပ်စုတိုင်းမှာ **စုဝယ်ဝေငှသုံးစွဲရေး သမဝါယမအသင်းများ**ကို တစ်ပြည်လုံးမှာ ဖွဲ့စည်းစေခဲ့ပါတယ်။ အဲဒီအသင်း တွေအနေနဲ့ ပြည်သူ့ရိက္ခာထောက်ပံ့ရေးဌာနက နိုင်ငံခြားမှ မှာယူတင်သွင်းတဲ့ ကုန်ပစ္စည်းတွေကို ပြည်သူလူထုထံသို့ ရောင်းချဖြန့်ဖြူးပေးဖို့ပဲဖြစ်ပါ တယ်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ မြို့ပေါ် နဲ့ ကျေးလက်တွေမှာ **ကွန်ကိုး ခေါ် စုဝယ်ဝေငှသုံးစွဲ ရေးသမဝါယမ** အသင်းပေါင်း ၇၀၅၇ သင်း၊ အသင်း သားပေါင်း ၃ ဒသမ ၂ သန်းအထိ တိုးတက်လာခဲ့ပါ တယ်။ ဒါပေမဲ့ ၁၉၄၉ ခုနှစ်အစမှာပဲ ပြည်တွင်း သောင်းကျန်းမှုတွေ ပေါ်ပေါက်လာတဲ့အတွက် သမဝါယမအသင်းတွေဟာ စီးပွားရေးနဲ့ လူမှုရေး လုပ်ငန်းတွေ ဆက်မလုပ်နိုင်တော့ဘဲ ရပ်ဆိုင်းသွားခဲ့ ရပြန်ပါတယ်။

**စာမျက်နှာ ၇ သို့** ❐

❒ စာမျက်နှာ ၆ မှ

> ❀ **စိုက်ပျိုးရေးသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းအားဆေးနဲ့ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးစေ့တွေကိုလည်း အသင်းသားတောင်သူတွေ စိတ်ကြိုက်ဝယ်ယူအသုံးပြုနိုင်စေဖို့ သီးနှံပေါ်ပေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိ**
>
> ❀ **ကျွန်တော်တို့သမဝါယမဟာ ဒီနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ရဲ့ “ကမ္ဘာလောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး (Cooperatives Build a Better World) ” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အသင်းသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကမ္ဘာလောကပိုမိုကောင်းမွန်ရေးတို့ကို ယခုနှစ်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မှုမှသည် နောင်အနာဂတ် နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမှာပဲဖြစ်**

တစ်ခါပြန်ပြီး ၁၉၅၁ ခုနှစ် ဇန်နဝါရီလမှာ ပထမအကြိမ် ပြည်လုံးကျွတ်ညီလာခံကြီးကို ကျင်းပကာ စစ်ပြီးခေတ် သမဝါယမ ငါးနှစ်စီမံကိန်းကို တင်သွင်းအတည်ပြုခဲ့ကြပြန်ပါတယ်။ ၁၉၅၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ **သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန**ဆိုပြီး ဝန်ကြီးဌာနအသစ်တစ်ခု ထပ်မံဖွဲ့စည်းခဲ့ပါတယ်။ သမဝါယမ ငါးနှစ်စီမံကိန်းအရ (၁) သမဝါယမကောင်စီများ(ဗဟို၊ ခရိုင်၊ မြို့နယ်)၊ (၂) လက်ကားသမဝါယမအသင်းများ (ဗဟို၊ခရိုင်၊မြို့နယ်)၊ (၃) ကုန်ထုတ်လုပ်သူများ၏ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံသမဝါယမအသင်းများ၊ (၄) စားသုံးသူသမဝါယမအသင်းများ၊ (၅) စက်မှုလက်မှုသမဝါယမအသင်းများ၊ (၆) အင်း(ရေလုပ်ငန်း)သမဝါယမအသင်းများ၊ (၇) အထွေထွေသမဝါယမအသင်းများဆိုပြီး အဓိကသမဝါယမအသင်းအမျိုးအစား ခုနစ်မျိုးကို ဖွဲ့စည်းခဲ့ကြပြန်ပါတယ်။

အဲဒီ ငါးနှစ်စီမံကိန်းအရသမဝါယမအသင်းတွေဟာ အရှိန်အဟုန်နဲ့ ပြန်လည်တိုးတက်လာခဲ့ရာ သမဝါယမအသင်းတွေမှာ ရိုးသားဖြောင့်မတ်ခြင်း မရှိသူများ၊ သိက္ခာစောင့်ထိန်းခြင်း မရှိသူများ၊ အဂတိလိုက်စားသူများ၊ ကိုယ်ကျိုးရှာသူများ စသဖြင့် လူပေါင်းစုံ အုတ်ရောရောကျောက်ရောရော ပါဝင်လာကြပြီး သမဝါယမအသင်းတွေဟာ ဘာနဲ့ အလားသဏ္ဌာန်တူနေလဲဆိုတော့ ထန်းလျက်အိုးတွေလို တစ်မျိုး၊ ခြကိုက်တဲ့ ထင်းရှူးသေတ္တာတွေလို တစ်ဖုံဖြစ်ခဲ့ရပါတယ်။ သမဝါယမမင်းကြီးနဲ့ သမဝါယမဌာနဟာအသင်းတွေကို အမိန့်စာ၊ ညွှန်ကြားစာတွေနဲ့ ကြီးကြပ်ကွပ်ကဲလို့ မရတော့တဲ့အတွက် အစိုးရထံတင်ပြီးတော့ သမဝါယမမင်းကြီးကို အာဏာကိုးမျိုးတိုးပေးတဲ့ **၁၉၅၆ ခုနှစ် သမဝါယမအက်ဥပဒေ**ကို ပါလီမန်သို့ တင်သွင်းပြဋ္ဌာန်းခဲ့ရပြန်ပါတော့တယ်။

## ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်း

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ တော်လှန်ရေးအစိုးရတက်လာတဲ့အခါ သမဝါယမအသင်းတွေမှာ အရင်းရှင်တွေနဲ့ ပူးပေါင်းဖွဲ့စည်းထားတဲ့ သမဝါယမအသင်းတွေရှိနေတဲ့အတွက် တော်လှန်ရေးအစိုးရဟာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီတွေကို သုံးဦးကော်မတီတွေဖွဲ့စည်းစေပြီး ပြုပြင်ဖွဲ့စည်းလို့ရတဲ့အသင်းတွေကို ပြုပြင်ဖွဲ့စည်းပြီး ပြုပြင်ဖွဲ့စည်းလို့ မရနိုင်လောက်အောင် ယိုယွင်းပျက်စီးနေတဲ့အသင်းတွေကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ရပါတယ်။ တော်လှန်ရေးအစိုးရဟာ ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းကိုချမှတ်ပြီး **၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေ**ကို ပြဋ္ဌာန်းကာ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံသမဝါယမအသင်းတွေ၊ မြို့မစားသုံးသူသမဝါယမအသင်းတွေ၊ ရက်ကန်းသမဝါယမအသင်းတွေ၊ ငါးဖမ်းသမဝါယမအသင်း၊ ဈေး၊ ကုန်စိမ်းသမဝါယမအသင်းတွေ၊ အလုပ်သမားတွေရဲ့ ချွေတာစုဆောင်းရေးနဲ့ ငွေစုငွေချေးသမဝါယမအသင်းတွေ၊ တပ်တွင်းလုပ်ငန်းပေါင်းစုံသမဝါယမအသင်းတွေကို တိုးချဲ့ဖွဲ့စည်းခဲ့ကြပါတယ်။ ကျေးရွာအုပ်စုတိုင်းမှာလည်း လယ်ယာနှင့်လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း တစ်သင်းကျစီ ဖွဲ့စည်းစေပြီး အသင်းတိုင်းမှာ အနည်းဆုံး အသင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်စေခဲ့ပါတယ်။

## ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံသည့် သမဝါယမဖြစ်လာ

ကျွန်တော်တို့ မြန်မာ့သမဝါယမသမိုင်းတစ်လျှောက် လွတ်လပ်ရေးမရမီကာလမှာ ဗြိတိသျှဥပဒေအရ အစိုးရက ၁၉၁၂ ခုနှစ်နဲ့ ၁၉၂၇ ခုနှစ်တွေမှာ သမဝါယမအသင်းအက်ဥပဒေ နှစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးကာလ မြန်မာနိုင်ငံအစိုးရလက်ထက် ၁၉၅၆ ခုနှစ် နဲ့ ၁၉၇၀ ပြည့်နှစ်တွေမှာ သမဝါယမအသင်းဥပဒေနှစ်ရပ်တို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီလို ဥပဒေတွေပြဋ္ဌာန်းပြီး သမဝါယမကို အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြပေမယ့် အောင်မြင်လိုက်၊ ရှုံးနိမ့်လိုက်၊ မြုပ်သွားလိုက်၊ ပေါ်လာလိုက်နဲ့ ခေတ်ရေစီးကြောင်းပြောင်းလဲတဲ့ ဒဏ်ကို ကြံ့ကြံ့ခံရင်းလျှောက်လှမ်းလာလိုက်တာ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်ရောက်တော့ ခေတ်နဲ့အညီ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်စေဖို့ ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းဥပဒေပါ ခေတ်မမီတော့တဲ့ ပြဋ္ဌာန်းချက်တွေကို ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လိုက်လျောညီထွေကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် သမဝါယမအသင်းဥပဒေနဲ့ နည်းဥပဒေတွေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ အသင်းဥပဒေကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ်(၁၁/၈၈)ဖြင့် ထုတ်ပြန်ခဲ့ပြီး **၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ်(၉/၉၂)ဖြင့် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေ**ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ သမဝါယမဟာ ပြန်လည်ရှင်သန်လာလိုက်တာ မြန်မာနိုင်ငံက ဗဟိုသမဝါယမအသင်းဟာ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှာ အဖွဲ့ဝင်အသင်းအဖြစ် ပါဝင်နိုင်ခဲ့တဲ့အထိ မြန်မာ့သမဝါယမကို နိုင်ငံတကာကအသိအမှတ်ပြု လက်ခံပူးပေါင်းဆောင်ရွက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်းနိုင်ငံတွေ၊ အာရှနဲ့ပစိဖိတ်ဒေသတွင်းနိုင်ငံတွေနဲ့ သမဝါယမလုပ်ငန်းများ နီးနှောဖလှယ်ပွဲ၊ လူမှုရေး၊ စီးပွားရေး ပတ်ဝန်းကျင် သမဝါယမလုပ်ငန်း ဆွေးနွေးပွဲတွေကိုလည်း ပြုလုပ်ကျင်းပခဲ့ပြီး **၁၉၉၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လရဲ့ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့**အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

## ပြည်သူများ ယုံကြည်မှုရရှိအောင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလာလိုက်တာ နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့ သမဝါယမက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ **သမဝါယမလှုပ်ရှားမှုတွေ၊ မူဝါဒတွေ၊ သဘောတရားတွေကို ပြည်သူများအကြား စိမ့်ဝင်ပျံ့နှံ့စေရန်၊ လက်ရှိအစိုးရလက်ထက်မှာ သမဝါယမကဏ္ဍ ပိုမိုကျယ်ပြန့်စွာ ပါဝင်နေတာကို ပြည်သူအများသိရှိစေရန်၊ ကမ္ဘာမှာ သမဝါယမစနစ်က သက်တမ်းအရှည်ဆုံးနဲ့ မရှိမဖြစ်လိုအပ်တယ်ဆိုတာကို ပြည်သူအများသိရှိစေရန်**ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးရဲ့လမ်းညွှန်ချက်ဖြစ်တဲ့ **စုပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြင်းသည် သမဝါယမလုပ်ငန်းများ၏ အနှစ်သာရဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုသည် သမဝါယမ၏ အသက်ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းစုများမှ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် ပြည်သူများ၏ ယုံကြည်မှုရရှိလာအောင် ဆောင်ရွက်ရန်နှင့် လက်ရှိဆောင်ရွက်နေမှုများကိုလည်း ပိုမိုကောင်းမွန်အောင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်** ဆိုသည့် လမ်းညွှန်ချက်တွေနဲ့အညီ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဦးစီးဌာနရဲ့ ထိန်းကျောင်းပေးမှု၊ ဗဟိုသမဝါယမအသင်းရဲ့ ကူညီပံ့ပိုးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်တွေ၊ မြို့နယ်သမဝါယမအသင်းစုတွေရဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ဖြင့် ၂၀၂၂ ခုနှစ် မေလအထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် မြို့နယ် ၁၉၇ မြို့နယ်ရှိ အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်းပေါင်း ၁၂၂၇ သင်းမှ အသင်းသားပေါင်း ၁၁၈၀၃၀ ထံသို့ ချေးငွေကျပ် ၂၇၉၄၉ ဒသမ ၃၇၇ သန်းကိုလည်းကောင်း၊ မြို့နယ် ၂၆၁ မြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းပေါင်း ၂၂၉၆၀ မှ အသင်းသားပေါင်း ၁၅၀၅၅၂၉ ဦးထံသို့ ချေးငွေကျပ် ၁၉၉၈၄၈ ဒသမ ၃၃၅ သန်းကိုလည်းကောင်း၊ မြို့နယ် ၁၉၆ မြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းသမဝါယမ အသင်းပေါင်း ၃၅၈၈ သင်းမှ အသင်းသားပေါင်း ၂၈၂၇၆၁ ဦးထံသို့ ချေးငွေကျပ် ၂၄၈၄၃ ဒသမ ၃၈၅ သန်းကို လည်းကောင်း၊ မြို့နယ် ၁၁၃ မြို့နယ်ရှိ ရောင်းဝယ်ရေးလုပ်ငန်းသမဝါယမအသင်းပေါင်း ၃၃၃ သင်းမှ အသင်းသားပေါင်း ၇၈၉၈၄ ဦးထံသို့ ချေးငွေကျပ် ၁၄၀၉၁ ဒသမ ၃၀၈ သန်းကိုလည်းကောင်း၊ မြို့နယ် ၃၉ မြို့နယ်ရှိ စက်မှုလက်မှုလုပ်ငန်းသမဝါယမအသင်းပေါင်း ၈၀ မှ အသင်းသားပေါင်း ၅၄၅၃ ဦးထံသို့ ချေးငွေကျပ် ၉၇၀ ဒသမ ၄၃၀ သန်းကို လည်းကောင်း၊ မြို့နယ် ၂၃၁ မြို့နယ်ရှိ ဈေးသမဝါယမအသင်းပေါင်း ၃၀၄ သင်းမှ အသင်းသားပေါင်း ၃၆၆၄၈ ဦးထံသို့ ချေးငွေကျပ် ၁၈၁၉၂ ဒသမ ၇၈၅ သန်းကို လည်းကောင်း၊ မြို့နယ် ၃၀၃ မြို့နယ်ရှိ ဌာနဆိုင်ရာသမဝါယမအသင်းပေါင်း ၁၁၄၂ သင်းမှ အသင်းသားပေါင်း ၃၁၇၂၉၉ ဦးထံသို့ ချေးငွေကျပ် ၉၉၆၆၉ ဒသမ ၀၇၄ သန်းကို လည်းကောင်း ချေးငွေများအသီးသီးထုတ်ချေးပေးခဲ့ရာ စုစုပေါင်း သမဝါယမအသင်းအမျိုးအစား ခုနစ်မျိုး၊ အသင်းပေါင်း ၂၉၆၃၄ သင်းမှ အသင်းသားပေါင်း ၂၃၄၄၇၁၂ ဦးထံသို့ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများတွင် အရင်းအနှီးအဖြစ် အသုံးပြုနိုင်အောင် ချေးငွေပေါင်း ငွေကျပ် ၃၈၅၅၆၄ ဒသမ ၆၉၄ သန်းအား ထုတ်ချေးပေးထားပြီးဖြစ်ပါတယ်။

သမဝါယမအသင်းသားတွေကို ချေးငွေထုတ်ချေးပေးတာအပြင် လယ်ယာသုံးစက်ကိရိယာတွေကိုလည်းရောင်းချပေးလျက်ရှိရာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် မြို့နယ် ၂၁၈ မြို့နယ်ရှိ သမဝါယမအသင်းပေါင်း ၂၀၀၄ သင်းမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်သူ သမဝါယမအသင်းသား ၃၉၄၉ ဦးထံသို့ ကိုရီးယားသမ္မတနိုင်ငံ Daedong ကုမ္ပဏီမှ ထုတ်လုပ်တဲ့ လယ်ထွန်စက်မျိုးစုံနဲ့ ရိတ်သိမ်းခြွေလှေ့စက် စုစုပေါင်း အစီး ၄၀၁၀ ကို လည်းကောင်း၊ မြို့နယ် ၂၈၀ ရှိ သမဝါယမအသင်းပေါင်း ၁၂၇၉၄ သင်းမှ အသင်းသားတောင်သူ ၄၈၃၉၃ ဦးထံသို့ ပြည်တွင်းကုမ္ပဏီနှင့် လယ်ယာသုံးစက်ကိရိယာ အရောင်းဆိုင်အသီးသီးမှ ငွေကျပ် ၁၁၀၀၃၅ ဒသမ ၈၄၂ သန်းတန်ဖိုးရှိ စက်ကိရိယာအစီးရေ ၆၄၂၃၀ ကို လည်းကောင်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းအားဆေးနဲ့ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးစေ့တွေကိုလည်း အသင်းသားတောင်သူတွေ စိတ်ကြိုက်ဝယ်ယူအသုံးပြုနိုင်စေဖို့ သီးနှံပေါ်ပေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါတယ်။

ကျွန်တော်တို့သမဝါယမဟာ ဒီနှစ်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ရဲ့ **“ကမ္ဘာလောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး( Cooperatives Build a Better World) ”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အသင်းသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကမ္ဘာလောက ပိုမိုကောင်းမွန်ရေးတို့ကို ယခု နှစ်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မှုမှသည် နောင်အနာဂတ် နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်တော်တို့ သမဝါယမဟာ ခေတ်ရေစီးကြောင်းတွေ အဖန်ဖန်ပြောင်းလဲခဲ့လည်း အံကိုခဲပြီး ကြံ့ကြံ့ခံ ရင်ဆိုင်လျှောက်လှမ်းခဲ့လို့ ယနေ့အချိန်ကာလသို့တိုင်အောင် သမဝါယမအောင်လံကို မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော် အစပိုင်းမှာ ပြောခဲ့သလို ဆရာဇော်ဂျီရဲ့ ကဗျာထဲက ဗေဒါပင်လေး **“ အယက်အကန်ခံလို့၊ ဗေဒါပျံ့ အံကိုခဲ၊ ပန်းပန်လျက်ပဲ ”** ဆိုပြီး အားမာန်တင်းကာ ကြိုးစားရပ်တည်နိုင်ခဲ့သလို ကျွန်တော်တို့သမဝါယမကလည်း ဘယ်လိုအခက်အခဲမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရစေကာမူ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရေးအတွက် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ အတူတကွ ပူးပေါင်းပြီး သမဝါယမအောင်လံမလဲရအောင် သစ္စာခိုင်မြဲစွာဖြင့် ကြိုးစားအားထုတ်သွားကြပါစို့လို့ နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရကြောင်းပါခင်ဗျား။

သမဝါယမအောင်လံ ထာဝရစိုက်ထူနိုင်ကြပါစေ ... ။ ။

■

❖ ကျောဖုံးမှ

တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး




**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၄)ကြိမ်မြောက် မြန်မာ- ထိုင်းဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်၌ ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Apichet Suesat တို့က (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် မြန်မာ-ထိုင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်လဲလှယ်ကြပြီး အမှာစကားပြောကြား၍ ကော်မတီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ငပုတောမြို့နယ်၌ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း ကွင်းသရုပ်ပြ

**ငပုတော ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ဖျန်ရေကျော်ကျေးရွာအုပ်စု ဖျန်ရေကျော်ကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ဖျန်ရေကျော်ကျေးရွာ ကွင်းအမှတ်-၁၃၇၂ (က) ဦးပိုင်အမှတ် (၁၃/၅) တောင်သူ ဒေါ်မေသဇင်ဦး၏ လယ်မြေတွင် သရုပ်ပြပျိုးထောင်ခဲ့သည်။

ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ်ဦးစီးမှူး ဦးကျော်စွာထွန်းက ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူ ဒေါ်မေသဇင်ဦး၏ လယ်မြေ သုည ဒသမ ၃၅ ဧကတွင် ဆင်းသုခစပါးမျိုးစေ့ကို ပျိုးပေါင်စနစ်ဖြင့် မျိုးစေ့ချ သရုပ်ပြခဲ့သည်။

အဆိုပါ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးသူရကျော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**ဇလွန် ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်က မိတ်ဆက်အမှာစကားပြောကြားပြီး ဇလွန်မြို့နယ် တရားသူကြီး ဒေါ်စိမ်းမို့မို့က နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို Power Point ဖြင့် မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဟင်္သာတခရိုင် တရားသူကြီး ဒေါ်အေးအေးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ ဇလွန်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဇလွန်မြို့မရဲစခန်းမှူးနှင့် နယ်မြေရဲစခန်းမှူး၊ အမှုစစ်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ဝေယံ (ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အသိပညာပေးဆွေးနွေး

**အုတ်တွင်း ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျောင်းရှစ်ဆယ် ကျေးရွာ၌ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီက ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူတစ်ဦးချင်းစီ၏ဝင်ငွေ တိုးတက် မြင့်မားလာစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ လာရောက်တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦးက စိုက်ပျိုးရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းငြိမ်းဇော်က လယ်ယာမြေအသုံးချမှု နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ AE ဦးသစ်လွင်က စိုက်ပျိုးရေပေးဝေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးရာ ဒေသခံတောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

■

## သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၊ သင်တန်းသား/သူများအတွက် စားသောက်စရိတ်ထောက်ပံ့လှူဒါန်းမှုနှင့် သင်ထောက်ကူပစ္စည်းပေးအပ်ပွဲအခမ်းအနား ကျင်းပ



**မော်လမြိုင် ဇွန် ၂၉**

ဇူလိုင် ၂ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အား ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူ ၆၅ ဦးအတွက် ပြည်နယ်အတွင်းရှိ သမဝါယမ အသင်းများက စားသောက်စရိတ် ထောက်ပံ့လှူဒါန်းခဲ့ခြင်းအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်ထောက်ကူပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက သက်မွေးပညာ သင်တန်းကျောင်းရာမညဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများ၏ နေ့စဉ်စားသောက်စရိတ်အတွက် မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်အသင်းစုချုပ်၊ မြို့နယ် ၁၀ မြို့နယ်မှ သမဝါယမအသင်းစုများနှင့် အခြေခံအသင်းများမှ ကျပ် ၂၂၅ ဒသမ ၃၁ သိန်းအား ပေးအပ်လှူဒါန်းခဲ့ခြင်းအပေါ် ဂုဏ်ပြု မှတ်တမ်းလွှာများအား လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာအသင်းဥက္ကဋ္ဌများက လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော သင်တန်းသား သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို ပြည်နယ်ဦးစီးမှူး ဒေါ်ခင်မာအေးက ပေးအပ်ရာ ကျောင်းသားကိုယ်စားလှယ်များက လက်ခံရယူသည်။ ထို့နောက် ကျောင်းအုပ်ကြီးက စားသောက်စရိတ်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

**ဖွင့်လှစ်**

အဆိုပါ သင်တန်းကျောင်းအား ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၅ ဦး တက်ရောက်လျက်ရှိရာ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်း ကျောင်း ပြုနိုင်စေရန်နှင့် သင်တန်းသားများအနက် ထူးချွန်သူများကို ရွေးချယ်၍ သမဝါယမကောလိပ်များနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့များတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကျောင်းများ ဖွင့်လှစ်ကာ စက်ချုပ်သင်တန်းများ




(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအမှတ်စဉ် ရှစ်ခု၊ အမှတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့တို့တွင် အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ကျောင်းအခြေပြုသင်တန်း အမှတ်စဉ်(၂/၂၀၂၂)ကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်း၌ ဇွန် ၂၃ ရက်အထိ သင်တန်းသား သင်တန်းသူ ၅၂၁ ဦးနှင့် စနေ၊ တနင်္ဂနွေ အထူးသင်တန်းများတွင် သင်တန်းသား သင်တန်းသူ ၇၀ စုစုပေါင်း ၅၉၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ဟသ်ာတ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ် ပြန်လည်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား ပထမပိုင်းတွင် သဘာပတိ ဦးခင်မောင်ကြည်က မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လုပ်ငန်းများတိုးတက်လာစေရန် အမှုဆောင်သစ်များနှင့်အတူ အသင်းသားကိုယ်စားလှယ်များ အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြရန်နှင့် ဟသ်ာတမြို့နယ်တွင် အသင်း ၁၉၂ သင်းရှိသည့်အနက် ယနေ့တွင် ၁၂၇ သင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၉ - ၂၀၂၀နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးရှင်းတမ်းအား ဖတ်ကြားရှင်းလင်းခဲ့ပြီး ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးငွေခွဲဝေပေးခြင်းတို့အား တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ အခမ်းအနား ဒုတိယပိုင်းတွင် သဘာပတိအဖြစ် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက ဆောင်ရွက်ခဲ့ပြီး အမှုဆောင်အသစ်များအား ဆန္ဒမဲပေးရွေးချယ်၍ တာဝန်ခွဲဝေပေးအပ်ခဲ့ပြီး ရွေးချယ်ခံအမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**



## သမဝါယမ စေတနာ

❖ **သ** မိုင်းတစ်ခေတ် မရိုင်းလစ်အောင်
တည်ထောင်ကြိုးပမ်း တို့အစွမ်းဖြင့်
❖ **မ** လျှော့လုံ့လ ဝီရိယများ
တိုးတက်ဖို့ရာ အစဉ်ကြိုးစား
❖ **ဝါ** စိမ်းနီပြာ မခွဲပါဘဲ
အစဉ်တွဲလက် ကိုယ်ကျိုးမဖက်
❖ **ယ** ခုအခါ ပြုစရာကား
လူမှုစီးပွား ပြည်အကျိုးများ
❖ **မ** ဆုတ်မနစ် ရှေ့ဆက်ခေတ်ကို
ညီညာပေါင်းစု ကြိုးပမ်းပြုမည်
❖ **စေ** ညွှန်းစရာ ပြည်အဝန်းမှာ
တိုးတက်ကောင်းဖို့ လမ်းကြောင်းပြတာ
❖ **တ** မူခြားတာ လူအများသာ
သမဝါယမ မူများပါ
❖ **နာ** ယူသုံးကျင့် ကျင့်ဝတ်တစ်ဖြာ
နှစ်သာရထုံး နှလုံးမူကာ
❖ တိုင်းပြည်ကောင်းကျိုး အစဉ်တိုးဖို့
သမဝါယမနည်းဖြင့် သယ်ပိုးစို့
❖ ကျေးလက်မြို့ပြ ဖွံ့ဖြိုးကြဖို့
သမဝါယမနည်းဖြင့် ဆောင်ရွက်စို့
❖ ပြည်သူအများ စီးပွားတိုးဖို့
သမဝါယမနည်းဖြင့် ကြိုးပမ်းစို့။ ။

**ဟန်သာညီ(သာပေါင်း)**

[၂၀၂၂ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...]

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇွန် ၂၉**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# တို့တောင်သူတွေ ဝင်ငွေတိုးဖို့ ကော်ဖီတိုးချဲ့ စိုက်ကြစို့

မောင်အောင်

**"ကိုအောင်ရေ နေ့လယ်ကတည်းက ငါဖုန်းခေါ်နေတာ။ လုံးဝမရတော့ ငါအတော်စိတ်ပျက်သွားတယ်။ နောက်တော့မှ မင်းတပည့်နဲ့ ဖုန်းရမှ မင်းတို့ အစည်းအဝေး လုပ်နေကြောင်း သိရတာ။ အထူးတော့ မရှိပါဘူးကွာ။ မင်းတို့စိုက်ပျိုးရေးဦးစီးဌာနက ရွာမှာ သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့တွေ လာပြီးပေးတယ်။ မင်းတို့ စိုက်ပျိုးရေးက လူတွေက အတော်လည်း တတ်နိုင်ကြပါတယ်။**

ဓာတ်မြေဩဇာမပေးနိုင်တော့ သဘာဝမြေဩဇာဆိုပြီး ပိုက်ဆံလျှော်မျိုးစေ့တွေလာပြီးပေးတယ်။ ပထမတော့ ငါလည်းဒီလောက်တန်ဖိုးမထားပါဘူး။ သူတို့ရှင်းပြတာကို လျှောက်ပြောနေတယ်ထင်တာ။ အဲ သူတို့ပြန်သွားမှ ကျုံတာက ဖိုးပျော့ပြောမှ ဒီပိုက်ဆံလျှော်က တကယ်ကောင်းတဲ့ သစ်စိမ်းမြေဩဇာဆိုတာသိရတယ်။ အဲဒါနဲ့ မင်းတပည့်ပြောတာက မင်းတို့ကော်ဖီ အစည်းအဝေးလုပ်နေတယ်ဆို။ မင်းတို့နဲ့ကွာ။ အလုပ်မရှိ အလုပ်ရှာ။ ဘာမဟုတ်တဲ့ ကော်ဖီများအစည်းအဝေးလုပ်နေရသေးတယ်။ စပါးတို့၊ မြေပဲတို့၊ ပြောင်းဖူးတို့၊ နေကြာတို့ အစည်းအဝေးလုပ်တယ်ဆိုရင် ငါလက်ခံပါတယ်။ အခုတော့ ကော်ဖီဆိုတာက မြို့ကလူတွေပဲသောက်တာ။ ဒို့တောသားတွေနဲ့ ဘာမှမဆိုင်ပါဘူး။ ကဲ ပြောစမ်းပါဦး။ ကော်ဖီစိုက်ပျိုးရေးကို ဘာ့ကြောင့် ရေးကြီးခွင်ကျယ်လုပ်ပြီး အစည်းအဝေးလုပ်နေရတာလဲ။"



အောင်မြင်ဖြစ်ထွန်းနေသည့် ကော်ဖီသီးနှံပုံ။

## နေရောင်ခြည်စွမ်းအင်ဖြင့်

ကျွန်တော့် အစ်ကိုကြီးကား ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာတွင်နေသူဖြစ်သည်။ အသက် ၈၀ ကျော်ပြီ။ သို့သော် ငယ်စဉ်က ၁၀ တန်းအထိ ကျောင်းနေခဲ့သူဖြစ်ပြီး ကိုယ်ပိုင်လယ်လုပ်ခဲ့သူဖြစ်သည်။ လယ် ၁၅ ဧကခန့် ပိုင်သည်။ အသက် ၇၀ ကျော်မှ ကိုယ်တိုင်လယ်မလုပ်တော့ဘဲ ညီများ၊ တူများကို လွှဲထားပေးခြင်းဖြစ်သည်။ သလိပ်ကြီးရွာတွင် လျှပ်စစ်မီးမရသေးသော်လည်း ကျေးလက်မီးလင်းရေး အစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် မီးရသည်။ ရုပ်မြင်သံကြား ကြည့်၍ရသည်။ မြန်မာ့ရုပ်မြင်သံကြားသတင်းကို လက်မလွှတ်တမ်းကြည့်သူဖြစ်၍ ဗဟုသုတရှိသည်။

"ဒါတော့ အစ်ကိုရယ်။ အစ်ကိုလည်း သိတဲ့အတိုင်း၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ကိုဗစ် အကြီးအကျယ်ဖြစ်လိုက်တော့ လူတွေအားလုံး အိမ်ထဲမှာနေရ၊ တစ်နေရာနဲ့တစ်နေရာ သွားလို့လာလို့မရ၊ ကားတွေ၊ ရထားတွေ၊ လေယာဉ်တွေရပ်နားထားရတော့ ကုန်စည်စီးဆင်းမှုတွေရပ်ပြီး အားလုံး စီးပွားရေးကျပ်တည်းကုန်ကြတယ်။ ကုန်ဈေးနှုန်းတွေ ကြီးကုန်တယ်လေ။"

"အေး ဒါတော့ မင်းပြောမှ မဟုတ်ပါဘူးကွာ။ ငါလည်းသိပါတယ်။ ကုန်ထုတ်လုပ်မှုတွေ ရပ်နားထားတော့ ကုန်ပစ္စည်းတွေ ရှားလာတယ်။ ကုန်ပစ္စည်းရှားတော့ ကုန်ဈေးနှုန်းတွေ တက်တာပေါ့။ ဒါသဘာဝပဲလေ။ အဲဒါနဲ့ မင်းတို့ ကော်ဖီအစည်းအဝေးလုပ်တာနဲ့ ဘာဆိုင်လို့လဲကွ။"

ကျွန်တော့်စကားကို စိတ်မရှည်၍ အစ်ကိုကြီးက ဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။

## နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့က စိုက်ပျိုးမွေးမြူရေး

"ဟုတ်တယ်လေ အစ်ကိုကြီးရဲ့။ ကျွန်တော်တို့ တိုင်းပြည်လို ဖွံ့ဖြိုးဆဲနိုင်ငံမှာ အထွေထွေကုန်ပစ္စည်းတွေ ရှားပါးလာတယ်။ ဈေးတွေကြီးလာတဲ့ အခါ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့က ကိုယ့်အားကိုယ်ကိုးပြီး လုပ်ရမယ်လေ။ အဲဒီလိုလုပ်ဖို့ကို လက်ရှိနိုင်ငံတော်ကို တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့က စိုက်ပျိုးမွေးမြူရေးဟာ အလွယ်အကူဆုံး လုပ်လို့ရတယ်။ အဲဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉)ရပ်မှာပါတဲ့ စီးပွားရေးဦးတည်ချက်မှာ **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"** ဆိုတဲ့အချက်ကို ပထမဆုံးအချက်အဖြစ် ထည့်သွင်းထားတာမဟုတ်လား။"

"အေး ဒါတော့ဟုတ်တယ်။ မင်းတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီး အစည်းအဝေးတွေမှာ မိန့်ခွန်းပြောတဲ့အခါတိုင်း စိုက်ပျိုးရေးနဲ့ မွေးမြူရေး တိုးချဲ့ဆောင်ရွက်ဖို့ အမြဲတမ်းပြောတာကြားရတယ်။ နောက်ပြီး ဒေသဝမ်းစာဖူလုံဖို့၊ စားသုံးဆီထုတ်လုပ်တဲ့ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ဖို့၊ ဝါတွေတောင် တိုးချဲ့စိုက်ပျိုးဖို့ပြောနေတာ ငါကြားရတယ်။ ဆန်တို့၊ ဆီတို့ကတော့ ဒို့လူတွေ စားဖို့ မဖြစ်မနေလိုအပ်တာမို့ တိုးချဲ့စိုက်ခိုင်းတာ ငါလက်ခံပါတယ်။ ဝါကလည်း ဗိုင်းငင်ချည်ချပြီး အဝတ်အထည် ရက်လုပ်လို့ရတော့ ဝတ်ရေးအတွက် လိုအပ်တယ်ဆိုတာ ငါလက်ခံပါတယ်။ အဲ ဒါပေမဲ့ ပြီးခဲ့တဲ့သင်္ကြန်တွင်းတုန်းက ပြင်ဦးလွင်သွားရင်း ကော်ဖီကိစ္စပြောလာတော့ ငါ့စိတ်ထင် ဒါတော့ နည်းနည်းများသွားပြီ ထင်တယ်ကွ။"

**"မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်မှာ ခိုင်မာစွာနေရာရရှိဖို့အတွက် အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်ဖို့ နည်းပညာနဲ့ ပစ္စည်းကိရိယာတွေ ထောက်ပံ့ပေးမယ်။ ကော်ဖီဝယ်လိုအားရှိတဲ့ ပြည်ပနိုင်ငံတွေနဲ့ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးမယ်။ ကော်ဖီလုပ်ငန်းနဲ့ဆက်စပ်တဲ့ စက်ကိရိယာပစ္စည်းတွေ၊ အခွန်အကောက်အနည်းဆုံးနဲ့ တင်သွင်းနိုင်အောင် ဆောင်ရွက်ပေးမယ်။ မြန်မာ့ကော်ဖီအရည်အသွေးမြင့်မားပြီး ကမ္ဘာ့ဈေးကွက်မှာ ထာဝရရပ်တည်နိုင်အောင် နည်းပညာတွေပေးမယ်ဆိုရင် ကျွန်တော်တို့ကော်ဖီစိုက်တဲ့ တောင်သူတွေရဲ့ဘဝ မြင့်မားလာ"**

ကျွန်တော့် အစ်ကိုကြီးကား ရုပ်မြင်သံကြားသတင်းကို အမြဲကြည့်နေသူပီပီ နိုင်ငံတော် အကြီးအကဲ၏ လှုပ်ရှားဆောင်ရွက်မှုကို အမြဲသတိပြုနေသူဖြစ်သည်။

"မများပါဘူး အစ်ကိုကြီးရ။ ကော်ဖီကလည်း ပြန်ရောင်းရင် ဈေးကောင်းရတာကြောင့် စိုက်သင့်တာ မဟုတ်ဘူးလား။ ကျွန်တော်တို့ တပ်မတော်မှာ"

**"ဘာလဲ စားလို့ရတာအကုန်စိုက်၊ စားလို့ရတာအကုန်မွေး"** ဆိုတဲ့ ဆောင်ပုဒ်ကို ပြောမလို့ မဟုတ်လား။"

"ဟုတ်တယ်လေ အစ်ကိုကြီးရ။ ကျွန်တော်တို့ တပ်ထဲနေတုန်းက စားလို့ရတာအကုန်စိုက်တယ်။ စားလို့ရတာအကုန်မွေးတယ်။ စစ်သားဆိုတာက နိုင်ငံတော်အတွက် (၂၄) နာရီ တာဝန်ရှိတယ်။ ကျွန်တဲ့ဝန်ထမ်းတွေလို ရုံးတက်ရုံးဆင်းချိန် အတိအကျသတ်မှတ်ထားတာ မဟုတ်ဘူး။ ဒီကြားထဲ လင်ယောကျ်ားရှေ့တန်းသွားရင် ဇနီးမယားတွေက ရတဲ့လစာလေးနဲ့ ချွေတာသုံးစွဲရတာ။ ဒီတော့ စားလို့ရတာအကုန်စိုက်ပြီး စားလို့ရတာအကုန်မွေးမှ ကျွန်တော်တို့ တပ်မိသားစုတွေက ဝမ်းဝအောင်၊ ခါးလှအောင် နေနိုင်ကြတာ။ ဒါတောင် ကျိုင်းတုံမှာ ကျွန်တော် တာဝန်ထမ်းဆောင်တုန်းက လိုအပ်လို့ တစ်တပ်လုံးနီးပါး ရှေ့တန်းထွက်ရတယ်။ အို၊ နာ၊ ကျိုးကန်း ဆေးအဆင့်နိမ့် ရဲဘော်တွေနဲ့ ရဲမေတွေလောက်ပဲ ကျန်တယ်။ အဲဒီအချိန်မှာ အခြေခံစစ်ပညာသင်ထားတဲ့ ရဲမေတွေအားလုံး သေနတ်ကိုင်ပြီး ကင်းစောင့်ကြရတယ်။"

"အေးပါ။ ငါမှတ်မိပါတယ်။ ကျိုင်းတုံ မင်းတို့ဆီ ငါလာလည်တုန်းက မင်းက ရှေ့တန်းသွားနေတယ်။ တပ်မှာ အို၊ နာ၊ ကျိုးကန်း ရဲဘော်နဲ့ ရဲမေတွေပဲရှိတော့ ရဲမေတွေက ကင်းစောင့်နေကြတယ်။ ငါက ယောကျ်ားကြီးဖြစ်ပြီး ကင်းမစောင့်တော့ ငါ့ကိုယ်ငါတောင် ရှက်လာပြီး၊ ရဲဘော်တွေ ကင်းစောင့်တဲ့နေရာသွားပြီးနေခဲ့ဖြစ်တယ်။ ကဲ မင်းတပ်တရားဟောတာ ထားပါဦး။ ကော်ဖီက ဘာဖြစ်လို့ စိုက်တာလဲ။ လက်ရှိရော ဘယ်နှဧကလောက် စိုက်ထားလဲ။ ဝင်ငွေရော ဘယ်လောက်ရလို့လဲ။"

ကျွန်တော့် အစ်ကိုကြီးက သူသိချင်တာကို ဖွတ်မေးလာသည်။ ကျွန်တော်ကလည်း ညနေကပင် အစည်းအဝေးတက်လာသူမို့ ကော်ဖီစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ပြောပြချင်တာနှင့် အတော်ပင်ဖြစ်သွားသည်။

"လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကော်ဖီ ၄၉၉၅၁ ဧက စိုက်ထားပါတယ်။ ကော်ဖီက လေးနှစ်သားအထက်မှစပြီး ကော်ဖီသီးခူးရတာကြောင့် အသီးခူးဧကကတော့ ၃၅၃၇၆ ဧက ရှိပါတယ်။ တစ်နှစ်လုံးထွက်ရှိမှုအနေနဲ့ ကော်ဖီသီးတန်ချိန် ၉၀၀၀ ကျော်ရရှိပြီး တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၃၆ သန်းလောက် ရရှိနေပါတယ်။ အဲဒါပေမဲ့ ကျွန်တော်တို့နိုင်ငံကို ပြည်ပနိုင်ငံတွေက တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုးလောက် ကော်ဖီမှုန့်တင်သွင်းနေရတာကြောင့် ဒီပြည်ပထွက်ငွေလျှော့နည်းစေပြီး ပြည်ပကို ပိုမိုတင်ပို့ကာ နိုင်ငံခြားဝင်ငွေရှာနိုင်ဖို့အတွက် ကော်ဖီစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက လမ်းညွှန်တာဖြစ်ပါတယ်။"



ခူးဆွတ်ပြီး ကော်ဖီစေ့ပုံ။

စာမျက်နှာ ၁၁ သို့ ✪

✪ စာမျက်နှာ ၁၀ မှ

"အေး အဲဒါဆိုရင်တော့ ဟုတ်ပါပြီ။ ကော်ဖီတိုးချဲ့စိုက်ပျိုးသင့်တာကို ငါ အကြမ်းဖျင်းလက်ခံပါပြီ။ အဲဒါနဲ့ လက်ရှိဒို့နိုင်ငံမှာ ဘယ်နေရာတွေမှာ စိုက်တာများသလဲ။ ကော်ဖီက ဘယ်လိုမြေမျိုး ကြိုက်သလဲ။ ငါတို့ရွာမှာရော ကော်ဖီစိုက်ရင် ဖြစ်မှာလား။"

### တောင်ပေါ်ကော်ဖီနှင့် မြေပြန့်ကော်ဖီ

"ကော်ဖီအမျိုးအစား နှစ်မျိုးရှိပါတယ်။ အကြမ်းဖျင်း တောင်ပေါ်ကော်ဖီနှင့် မြေပြန့်ကော်ဖီပဲပေါ့ ။ တောင်ပေါ်က ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်ကနေ ၆၀၀၀ လောက်အထိမှာ ဖြစ်ထွန်းတယ်။ အာရေဗီးကား(Arabica)လို့ခေါ်တယ်။ လက်ရှိစိုက်ပျိုးနေတဲ့ နေရာတွေကတော့ ကချင်ပြည်နယ်မှာ ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်။ မန္တလေးတိုင်းဒေသကြီးမှာတော့ မိုးကုတ်နဲ့ ပြင်ဦးလွင်။ ရှမ်းပြည်နယ်မှာတော့ ကျိုင်းတုံ၊ တာချီလိတ်၊ လွိုင်မွေ၊ နောင်ချို၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ဟိုပုံး၊ နောင်တရား၊ ပင်လောင်း။ ကယားပြည်နယ်မှာတော့ လွိုင်ကော်၊ ဒီမောဆိုး။ အဲ နောက်ပြီး ချင်းပြည်နယ်၊ မကွေးတိုင်း အနောက်ခြမ်းနဲ့ စစ်ကိုင်းတိုင်းမြောက်ပိုင်းတို့မှာ စိုက်ပျိုးထားပါတယ်။ မြေပြန့်ကော်ဖီကိုတော့ ရိုဘတ်စတာလို့ခေါ်ပြီး ကရင်ပြည်နယ်၊ လိပ်သို၊ သံတောင်ကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းတို့မှာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။"

" ဟာ အဲဒါဆို ငါတို့ရွာမှာလည်း စိုက်လို့ရမှာပေါ့။ အဲ ဒါပေမဲ့ ငါ့တို့ခြံထဲမှာက အုန်းပင်တွေ၊ ကွမ်းသီးပင်တွေ၊ သရက်ပင်တွေနဲ့ ပြည့်နေတော့ မင်း ကော်ဖီစိုက်လို့ရပါ့မလား။ လောင်းရိပ်မိမှာပေါ့။"

အစ်ကိုကြီးက သူ့ခြံထဲတွင် အပင်များနှင့် ပြည့်နေ၍ ညည်းညူလိုက်သည်။

"မဟုတ်ဘူး၊ ရတယ် အစ်ကိုကြီး။ ကော်ဖီက အရိပ်ရပင်အောက်မှာ စိုက်ရတာ။ ဒီပြင် အပင်ကိုစိုက်ရင် မြေကိုရှင်းလင်းပြီးမှ စိုက်ရတာ။ ကော်ဖီကတော့ အရိပ်ရပင်ကို အရင်စိုက်ရတာ။ ပြင်ဦးလွင်မှာဆိုရင် ခါတော်မီကို အရင်စိုက်ပြီး အဲဒီအပင်အောက်မှာ ကော်ဖီစိုက်ရတာ။

အဲဒါကြောင့် ကော်ဖီစိုက်ရင် သစ်တောဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတယ်လို့တောင် ပြောလို့ရတယ်။ ဒါ့ကြောင့် ရာသီဥတုပြန်မှန်လာပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရာတောင် ရောက်တယ်လို့ စောစောက အစည်းအဝေးမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ဆွေးနွေးသွားသေးတာ။"

"အေးပါ။ ဟုတ်ပါပြီ။ ကော်ဖီတိုးချဲ့စိုက်ခိုင်းတာတော့ ဟုတ်ပါပြီ။ လက်ရှိကော်ဖီ ဈေးကွက်ရောရှိရဲ့လား။ ကမ္ဘာမှာ ဘယ်နိုင်ငံတွေက ကော်ဖီအများဆုံး သောက်ကြသလဲ။"

အစ်ကိုကြီး၏ မေးခွန်းများက မြင့်သည်။ အမှန်အတိုင်းဝန်ခံရလျှင် စောစောက ကော်ဖီအစည်းအဝေးသာ တက်မထားလျှင် အစ်ကိုကြီး၏ မေးခွန်းများကို ကျွန်တော်တိတိကျကျဖြေနိုင်မည်မဟုတ်ပါ။ သို့သော် အစည်းအဝေးတွင် ကျွန်တော်တို့ ဝန်ကြီးဌာနသာမက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကြောင့်သာ ကျွန်တော်ပြန်လည်ဖြေကြားနိုင်ခြင်း ဖြစ်ပါသည်။

"ကမ္ဘာမှာ ကော်ဖီအများဆုံး သောက်သုံးတဲ့ နိုင်ငံတွေမှာ အီးယူလို့ခေါ်တဲ့ ဥရောပနိုင်ငံတွေက ပထမ။ အမေရိကန်နိုင်ငံက ဒုတိယ။ ဂျပန်က ကော်ဖီအများဆုံး သောက်သုံးတဲ့ နိုင်ငံတွေမှာ တတိယအဆင့်မှာရှိပြီး ရုရှားနိုင်ငံက စတုတ္ထအဆင့်မှာ ရှိနေပါတယ်။ အဲဒါကြောင့် အီးယူတို့ အမေရိကန်တို့က ကျွန်တော်တို့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကို Everything but Arms လို့ခေါ်တဲ့ လက်နက်မှအပ ကျန်ကုန်စည်အားလုံးအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးဖြစ်တဲ့ ယေဘုယျအကောက်ခွန်သက်သာခွင့် (Generalized System Preference–GSP)ကို ပေးတာကြောင့် မြန်မာ့ကော်ဖီတင်ပို့သူတွေအတွက် အကျိုးများစေမှာဖြစ်ပါတယ်။"

"အေး အဲဒီတော့ မင်းတို့က ကော်ဖီစိုက်ပျိုးဖို့ကို ရည်မှန်းချက် ဘယ်လောက်ထားပြီး ဘယ်ဒေသတွေမှာ ဘယ်လိုစိုက်ကြမှာလဲ။ ပြီးတော့ တိုင်းပြည်အတွက် ဘယ်တော့လောက် ဝင်ငွေပြန်ပြီး ရမှာလဲ။"

### ကုန်းမြင့်ကော်ဖီကို ဇုန်လေးဇုန်ခွဲပြီးစိုက်

"ဒီနေ့အစည်းအဝေးမှာတော့ လာမယ့် ငါးနှစ်အတွင်း ကော်ဖီဧကသုံးသိန်းစိုက်ဖို့ လျာထားပါတယ်။ ကုန်းမြင့်ကော်ဖီကို ဇုန် လေးဇုန်ခွဲပြီး စိုက်မှာပါ။ ဇုန်(၁)မှာ ပြင်ဦးလွင်၊ နောင်ချိုနဲ့ မိုးကုတ်ဒေသပါဝင်ပြီး တစ်နှစ်ကို ဧက ၁၅၀၀၀ နဲ့ ငါးနှစ်မှာ ဧက ၇၅၀၀၀ စိုက်မှာပါ။ ဇုန်(၂)မှာတော့ ရွာငံနဲ့ ပင်းတယပါဝင်ပြီး ငါးနှစ်မှာ ဧက ၃၇၅၀၀ ။ ဇုန်(၃)ဇုန်မှာတော့ ဟိုပုံး၊ ပင်လောင်း၊ နောင်တရား၊ ဟဲဟိုး၊ မဲနယ်တောင်ပါဝင်ပြီး ငါးနှစ်မှာဧက ၅၀၀၀၀ နဲ့ ကျိုင်းတုံနဲ့ တာချီလိတ်ပါတဲ့ ဇုန်(၄)မှာ ဧက ၃၇၅၀၀ စိုက်မှာကြောင့် စုစုပေါင်း ဧက နှစ်သိန်း စိုက်မှာပါ။ မြေပြန့်ကော်ဖီဖြစ်တဲ့ ရိုဘတ်စတာကိုတော့ တနင်္သာရီတိုင်းဒေသကြီးမှာ ဧက ၅၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်မှာ ဧက ၂၅၀၀၀ စီနဲ့ စုစုပေါင်း ဧက ၁၀၀၀၀၀ စိုက်မှာပါ။ ကျွန်တော်တို့ တွက်ထားတာက ကုန်းမြင့်ကော်ဖီ ဧက နှစ်သိန်းက ကော်ဖီဆန်စိမ်း တန် ၄၀၀၀၀ ထွက်ရှိပြီး လက်ရှိပေါက်ဈေး တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၃၀၀ ပေါက်ဈေးရှိတာကြောင့် ဒေါ်လာ ၁၇၂ သန်းရမှာ ဖြစ်ပါတယ်။ ရိုဘတ်စတာ မြေပြန့်ကော်ဖီဧက တစ်သိန်းက ကော်ဖီဆန်စိမ်း တန် ၃၀၀၀ ထွက်ရှိပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀၀ ပေါက်ဈေးရှိတာကြောင့် အမေရိကန်ဒေါ်လာ သန်း ၆၀ ရမှာပါ။ အဲဒါကြောင့် ကော်ဖီဧက သုံးသိန်းက အနည်းဆုံး နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၃၂ သန်းရမှာပါ။ ဒါ အနည်းဆုံးနှုန်းနဲ့ တွက်ချက်ထားတာဖြစ်ပြီး ဒီထက်ပိုပြီးပဲ ရဖို့ရှိပါတယ်။"

"မင်းပြောတာက တွက်ရေးတော့ စက်သူဌေးပဲကွ။ ထားပါတော့ ဒို့တောင်သူတွေက ကော်ဖီစိုက်ရင် တစ်နှစ်ကို စိုက်စရိတ် ဘယ်လောက်ကုန်ပြီး ဘယ်နှနှစ်ကြာမှ အကျိုးအမြတ်ပြန်ပေါ်မှာလဲ။ အရင်းကျေမှာလဲ။"

အစ်ကိုကြီးက အတော်လေးစိတ်ပါလာပုံရသည်။ အရင်းကျေကာလပင် မေးလာသည်။

### လေးနှစ်မှာ ကော်ဖီသီးစခူး

"ကော်ဖီက စပြီးစိုက်ရင်တော့ အရင်းအနှီးကြီးတယ်။ ပထမနှစ်မှာ ကျင်းတူးတာ၊ ပျိုးပင် ဝယ်တာ၊ မြေသြဇာကျွေးတာအပါအဝင် တစ်ဧကကို သိန်း ၂၀ နီးပါးကုန်မယ်။ နောက်နှစ်တွေမှာ အပင်ပြုစုတာ၊ ထိန်းသိမ်းတာ၊ တစ်နှစ် သုံးသိန်းလောက်ကုန်ပြီး၊ လေးနှစ်မှာ ကော်ဖီသီး စခူးပြီ။ ဝင်ငွေ လေးသိန်း လောက်ပြန်ပြီးရမယ်။ နောက် နှစ်နှစ်မှာ ရှစ်သိန်းလောက်စီရပြီး။ သတ္တမနှစ်နဲ့ အဋ္ဌမနှစ်မှာ ၁၂သိန်းလောက်စီရပြီး ရင်းထားတဲ့ အရင်းအားလုံး ကျေပြီး အမြတ်ထွက်မယ်။ နောက်နှစ်တွေမှာ တစ်ဧကကို သိန်း ၂၀ လောက်အထိရပြီး ၁၆ နှစ်အထိ ဆက်တိုက်ရဖို့ရှိပါတယ်။ ၁၆ နှစ်ကျော်ရင်တော့ အသီးထွက်လျော့လာမယ်။"

"အေးကွာ။ မင်းပြောတာက မစားရ ဝခမန်းဆိုသလိုဘဲ။ အဲ ဒါပေမဲ့ စပြီးစိုက်စတော့ အရင်းအနှီးက ကြီးလွန်းသကွာ။ အဲ မင်းတို့ကော်ဖီအစည်းအဝေးမှာ နိုင်ငံတော်က၊ စိုက်ပျိုးရေးဌာနက ကော်ဖီစိုက်မယ့် တောင်သူတွေကို ဘယ်လိုပံ့ပိုးဖို့ အစီအစဉ်ရှိသလဲ။ အဲဒါရောထည့်ပြီး ဆွေးနွေးကြသလား။"

အစ်ကိုကြီးက ကော်ဖီစိုက်တောင်သူများအတွက် မေးလာခြင်းဖြစ်သည်။

### တစ်ဧကကို ငွေ ၁၀ သိန်းချေး

"ဆွေးနွေးတာပေါ့ အစ်ကိုကြီးရယ်။ ကျွန်တော်တို့ အဓိကရည်ရွယ်ပြီး ဆောင်ရွက်တာက ဆင်းရဲမှုလျှော့ချရေးနဲ့ ကော်ဖီစိုက်တောင်သူတွေရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေးပါ။ အဲဒီအတွက်ကြောင့် ကော်ဖီစိုက်မယ့်တောင်သူတွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတစ်ဆင့် အတိုးနှုန်းသက်သာစွာနဲ့ တစ်ဧကကို ငွေ ၁၀ သိန်းချေးပေးမယ်။ မျိုးကောင်းမျိုးသန့်ကော်ဖီပျိုးပင် ထောက်ပံ့ပေးမယ်။ လုပ်ကွက်ငယ် တောင်သူတွေအတွက် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ချေးငွေရရှိရေး ဆောင်ရွက်ပေးမယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်ပရင်းနှီးမြှုပ်နှံလိုသူတွေ ဖိတ်ခေါ်ပေးမယ်။ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်မှာ ခိုင်မာစွာ နေရာရရှိဖို့အတွက် အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်ဖို့ နည်းပညာနဲ့ ပစ္စည်းကိရိယာတွေ ထောက်ပံ့ပေးမယ်။ ကော်ဖီဝယ်လိုအားရှိတဲ့ ပြည်ပနိုင်ငံတွေနဲ့ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးမယ်။ ကော်ဖီလုပ်ငန်းနဲ့ ဆက်စပ်တဲ့ စက်ကိရိယာပစ္စည်းတွေ၊ အခွန်အကောက်အနည်းဆုံးနဲ့ တင်သွင်းနိုင်အောင် ဆောင်ရွက်ပေးမယ်။ မြန်မာ့ကော်ဖီအရည်အသွေးမြင့်မားပြီး ကမ္ဘာ့ဈေးကွက်မှာ ထာဝရ ရပ်တည်နိုင်အောင် နည်းပညာတွေပေးမယ်ဆိုရင် ကျွန်တော်တို့ကော်ဖီစိုက်တဲ့ တောင်သူတွေရဲ့ ဘဝမြင့်မားလာမှာပေါ့ အစ်ကိုကြီးရဲ့။"

"မင်းမှ အပြောကောင်း။ ဒီလောက်ပြောနေမှတော့ ကော်ဖီအကြောင်း ဆောင်းပါးလေး ဘာလေး ရေးပေါ့ကွာ။"

အစ်ကိုကြီးက ကျွန်တော်၏ ဝါသနာကို သိ၍ ဆွပေးလိုက်ခြင်းဖြစ်သည်။

"ရေးတော့ ရေးမလို့ အစ်ကိုကြီးရ။ ခေါင်းစဉ် ဘယ်လိုတပ်ရမလဲ စဉ်းစားနေလို့။"

"ဒါများကွာ ဘာခက်တာမှတ်လို့။ **"တို့တောင်သူတွေ ဝင်ငွေတိုးဖို့ ကော်ဖီတိုးချဲ့စိုက်ကြစို့"** ပေါ့ကွာ။"

အစ်ကိုကြီးက စကားစဖြတ်ပြီး ဖုန်းချသွားသည်။ ကျွန်တော်လည်း ဒီဆောင်းပါးကို စတင်ရေးဖြစ်ပါတော့သည်။ ။

■

## တန့်ယန်းမြို့နယ်၌ အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး



**တန့်ယန်း ဇွန် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအမ်ဇော်နော်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၉ ရက် နံနက်ပိုင်းမှစတင်ကာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ပေးကြသည်။

အဆိုပါ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်း၊ တန့်ယန်းခရိုင်ဦးစီးမှူး ဒေါ်ရွှေအိ (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာလွင်နှင့် ဆရာ ဆရာမများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

■

## တွံတေးမြို့ မိုးမခချောင်းအတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းမျိုးစိုက်ထည့်

**တွံတေး ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝရေပြင်အတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေး၊ ငါးရိက္ခာများပိုမိုဖမ်းယူရရှိစေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန်၂၉ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် သံကြိုးတိုင်ကျေးရွာရှေ့ရှိ မိုးမခချောင်းအနီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်၊ တောင်ပိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ထွဋ်နှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးရဲဝင်းသောင်းနှင့်ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ကြပြီး တွံတေးငါးလုပ်ငန်းစခန်းမှ သားဖောက် ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ သုံးသိန်းအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်စိမ်းစိုလှပ ကြည်နူးရ၏။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၆၇,၀၈၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၈၃) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၆-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၈၇၁,၆၈၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၄၅၂,၃၀၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၂၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၅) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၅) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၄၄၆) ခု | (၂)ဦး |
| **စုစုပေါင်း** | **(၅,၄၄၂) ခု** | **(၆)ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၈-၆-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၈၇၁,၆၈၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၄၅၂,၃၀၄ |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၀၃၀၇၂၇ | ၈၄၇၀၈၅၉၉ | ၁၀၄၁၃၅၄ |
| ၂။ | အိန္ဒိယ | ၄၃၄၃၆၄၃၃ | ၄၂၈၀၈၆၆၆ | ၅၂၅၀၇၇ |
| ၃။ | ဘရာဇီး | ၃၂၂၀၇၀၈၂ | ၃၀၇၆၄၉၂၃ | ၆၇၀၉၀၀ |
| ၄။ | ပြင်သစ် | ၃၀၈၂၅၇၈၉ | ၂၉၅၆၃၇၇၆ | ၁၄၉၄၄၃ |
| ၅။ | ဂျာမနီ | ၂၈၀၄၈၁၉၀ | ၂၆၆၀၅၁၀၀ | ၁၄၁၀၂၂ |
| ၆။ | ဗြိတိန် | ၂၂၆၆၁၅၄၂ | ၂၂၁၃၂၃၈၇ | ၁၈၀၁၂၈ |
| ၇။ | ရုရှား | ၁၈၄၂၇၁၃၃ | ၁၇၈၅၄၉၆၂ | ၃၈၁၀၅၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၃၄၉၇၅၆ | ၁၈၁၀၉၃၅၈ | ၂၄၅၃၇ |
| ၉။ | အီတလီ | ၁၈၃၄၃၄၂၂ | ၁၇၄၀၁၇၃၈ | ၁၆၈၂၃၄ |
| ၁၀။ | တူကီယဲ | ၁၅၀၉၆၆၉၆ | ၁၄၉၉၃၉၉၃ | ၉၉၀၁၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၅၆၃၁ | ၉၆၇၅၃၅၉ | ၄၃၀၈၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၈၆၂၀၂ | ၅၉၁၃၃၀၇ | ၁၅၆၇၃၁ |
| ၃။ | မလေးရှား | ၄၅၆၀၅၈၃ | ၄၄၉၇၀၇၈ | ၃၅၇၅၈ |
| ၄။ | ထိုင်း | ၄၅၂၀၂၀ | ၄၄၆၆၅၅၇ | ၃၀၆၃၇ |
| ၅။ | ဖိလစ်ပိုင် | ၃၇၀၃၁၀၀ | ၃၆၃၅၃၅၆ | ၆၀၅၄၂ |
| ၆။ | စင်ကာပူ | ၁၄၂၅၁၇၁ | ၁၃၃၀၃၇၆ | ၁၄၁၀ |
| ၇။ | မြန်မာ | ၆၁၃၅၈၃ | ၅၉၂၅၃၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၇၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၂၃၁၁ | ၁၅၇၆၆၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၇၂ | ၁၃၃၂၀၆ | ၃၀၅၆ |

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်းကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်

ဒါကာ ဇွန် ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုကို လာမည့်လအတွင်းစတင်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးနှင့် မိသားစုလူမှုဖူလုံရေးဝန်ကြီး ဇာဟစ်မာလီက ပြောကြားသည်။

ထို့ပြင် ကလေးငယ်များအတွက် အထူးသင့်လျော်သည့် ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကိုလည်း မကြာမီရရှိတော့မည်ဖြစ်ကြောင်း ဝန်ကြီးမာလီက ဆက်လက်ပြောကြားသည်။

အသက် ငါးနှစ်မှ ၁၂ နှစ်ကလေးငယ်များသည် ကာကွယ်ဆေးထိုးနှံမှုခံယူရန် မွေးစာရင်းနှင့်အတူ အစိုးရအဖွဲ့၏ ဆူရိုခါ အက်ပလီကေးရှင်းသို့ အမည်စာရင်းတင်သွင်းရန်လိုအပ်ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ အများနှင့်သက်ဆိုင်သည့်နေရာများ၊ ဈေးဝယ်စင်တာများနှင့် စားသောက်ဆိုင်များတွင် နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်ထားရန်လိုအပ်ကြောင်း သိရသည်။ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ စားသောက်ဆိုင်များနှင့် စတိုးဆိုင်များကလည်း နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသူများအား ဝယ်ယူခွင့်မပြုဟူသည့် မူဝါဒကို ကျင့်သုံးလျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သုံးဦးသေဆုံးခဲ့သည်။ အဆိုပါသေဆုံးသူအရေအတွက်သည် လွန်ခဲ့သော သုံးလအတွင်း နေ့စဉ်သေဆုံးမှုအရေအတွက် အများဆုံးဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၀၀ ကျော် စစ်ဆေးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၉၆၉၃၆၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၁၄၅ ဦးရှိပြီဖြစ်သည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၆၃ ဦးထပ်မံတွေ့ရှိ

ဆိုးလ် ဇွန် ၂၉

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၆၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၃၄၉၇၅၆ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၀၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ခုနစ်ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၅၃၇ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်



# ဂျပန်နိုင်ငံ၌ နေ့အပူချိန် စံချိန်တင်မြင့်တက်လျက်ရှိ

တိုကျို ဇွန် ၂၉

ဂျပန်နိုင်ငံရှိ နေရာအများအပြား၌ နေ့အပူချိန် စံချိန်တင်မြင့်တက်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂန်မာစီရင်စုရှိ ဆီဇာကီမြို့၌ ယမန်နေ့က နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

နေ့အပူချိန်စံချိန်တင်မြင့်တက်မှုများသည် နိုင်ငံတစ်ဝန်းရှိ ဒေသခြောက်ခုတွင် သိသာထင်ရှားကြောင်း သိရသည်။

တိုကျိုမြို့တော်အပါအဝင် ကန်တိုဒေသနှင့် ယာမာနာရှီစီရင်စုတို့၌ နေ့အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ဒေသပေါင်း ၁၅၁ ခုတို့၌ နေ့အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်မြင့်တက်ခဲ့ပြီး အဆိုပါဒေသများတွင် နာဂိုယာ၊ ကျိုတိုနှင့် တိုကျိုအလယ်ပိုင်းတို့ပါဝင်ကြောင်း သိရသည်။

အဆိုပါဒေသများ၌ ညအပူချိန်သည် ၂၅ ဒီဂရီစင်တီဂရိတ်အထိ လျော့ကျနိုင်ဖွယ်မရှိသေးကြောင်းနှင့် ဇွန် ၃၀ ရက်တွင်လည်း အပူချိန်ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိသေးကြောင်း ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

နေ့အပူချိန် စံချိန်တင်မြင့်တက်လျက်ရှိသည့်အတွက် ရေများများသောက်ရန်နှင့် အပူလျှပ်ကျရောက်မှုကိုကာကွယ်ရန် လေအေးပေးစက်များကို စနစ်တကျအသုံးပြုရန် ပြည်သူများအား ကျန်းမာရေးအာဏာပိုင်များက တိုက်တွန်းထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ယခုနှစ်ဒုတိယသုံးလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန် တန်ဖိုး ၇ ဒသမ ၇၂ ရာခိုင်နှုန်းတိုးတက်လာ

ဟနွိုင်း ဇွန် ၂၉

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ယခုနှစ် ဒုတိယသုံးလအတွင်း ၇ ဒသမ ၇၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း စာရင်းအင်းရုံး၏ ပြောကြားချက်အရ သိရသည်။

ယခုရရှိခဲ့သည့်ပြည်တွင်းထုတ်ကုန်တိုးတက်မှုသည် ပြီးခဲ့သည့် ဆယ်နှစ်တာကာလအတွင်းမှ စတင်ရေတွက်ပါက အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယမန်နှစ်အလားတူ ကာလကထက် ၃ ဒသမ ၀၂ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းမှ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ၈ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ၈ ဒသမ ၅၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။ နိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေးပြန်လည်နာလန်ထူစေရန် အကူအညီပေးကြောင်း စာရင်းအင်းရုံးမှ တာဝန်ရှိသူ ငုယင်သီဟွန်က ပြောကြားသည်။ နိုင်ငံအတွင်း ယမန်နှစ်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများရှိခဲ့သော်လည်း ပြည်တွင်းထုတ်ကုန် တန်ဖိုး ၂ ဒသမ ၅၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# လာအိုနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းနီးပါး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီး

ဗီယင်ကျန်း ဇွန် ၂၉

လာအိုနိုင်ငံ၌ နိုင်ငံလူဦးရေစုစုပေါင်း၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းနှင့်တူညီသော လူပေါင်း ၅၈၃၃၇၃၈ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း လာအိုနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် လာအိုနိုင်ငံ၌ လူပေါင်း ၅၁၃၆၄၇၈ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်နှင့် ပညာရေးစင်တာက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

လာအိုနိုင်ငံသား ၁၆၆၈၂၆၉ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ စုစုပေါင်း၏ ၂၂ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ လက်ရှိတွင် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၁၀၂၇၈ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ယာဉ်/ယန္တရား အပိုပစ္စည်းများ၊ စက်လှေနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော ဖိနပ်မျိုးစုံ(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၅/၅) မိုင်ခန့် ရှောင်ကွင်းလမ်းထိပ်တွင် ကုန်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Nissan Sky Line (ECR33) အမျိုးအစား ပြိုင်ကားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် အဆိုပါပြိုင်ကားအား တင်ဆောင်လာသည့် Isuzu NPR81 အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော သန့်စင်ခန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၀၀၀) ကိုလည်းကောင်း၊ ဇွန် ၂၉ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID တွင်)ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကားတာယာများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၄၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၃၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၂၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကော်မတီ ဦးဆောင်၍ ဌာနဆိုင်ရာနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဟိုနားရပ်ကွက် မြို့ရှောင်လမ်း (ကားလေးကွင်းအနီး)၌ ကုန်တင်ယာဉ် နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးကုန်ကြမ်းပစ္စည်းနှင့် ယာဉ်/ယန္တရား အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၅၅၇၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၃၅၅၇၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် စစ်ကိုးပင်ကျေးရွာအနီး ဧရာဝတီမြစ်ဆိပ်ကမ်း၌ လုပ်ငန်းလိုင်စင်မရှိဘဲ ကျောက်စုပ်လုပ်ငန်း ဆောင်ရွက်နေသည့် သစ်သားခွံစက်လှေ ၁၂ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀) နှင့် သံခွံစက်လှေ နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဥ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမှ လက်ပံလှဂိတ်သို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံ ဖာ ၁၀၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jing Gong အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် LEO တံဆိပ် ဘီယာဖာ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀)၊ အေးခဲအသား(CP) ကီလိုဂရမ် ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Voxy အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဇွန် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် အတွင်း တရားမဝင် ရေနံစိမ်း ဂါလန် ၅၄၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၅၅၀၀၀)နှင့် ရေနံချက်ဆီ ဂါလန် ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၀၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၃၈၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၃၀၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၇၃၃၀၇၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၉

မိုးညှင်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် ည ၇ နာရီတွင် မိုးညှင်းမြို့နယ် ညောင်ပင်ကျေးရွာရှိ ကားဂိတ်တွင် ကျော်ဇင်သန့် လာရောက်ထုတ်ယူသည့် ဆာလာအိတ် နှစ်အိတ်အား သတင်းအရ ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းစိမ်း ၁၈ ကီလိုကို လည်းကောင်း၊ အလားတူ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု ခုနစ်မိုင် ကျောက်တောင်ကျေးရွာအနီး မိုးမိတ်-မဘိမ်းသွား ကားလမ်းတွင် ဇော်ရှန် မောင်းနှင်ပြီး မခင်မြလွင် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၆-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် |
| ၀၉:၄၀ | တောင်ဘက်ပိုင်းတိုင်းအလှတနင်္သာရီမှ ပြည်ထောင်စုလမ်းမကြီးများ(အပိုင်း-၁) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး'(အပိုင်း-၁၆) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၄၀ | ကြွေလည်းဝေမြဲတမ်းတဆဲ |
| ၁၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၇:၁၀ | Soccer View |
| ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | '(၃၀)ဖြာမင်္ဂလာ' (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဝမ္ဘဝရိယာဝ' |
| ၁၉:၃၀ | မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောပိန်းပမျှား'(အပိုင်း-၁၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖြည့်စုံခြင်းအိမ်မက်'(အပိုင်း-၂၃) |
| ၂၂:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'ညတောင်' |

### mitv

| | |
|---|---|
| 07:01 | Dhamma Set Taw (Sein Lei Lei) |
| 07:07 | From Bamboo Strip to Sublime Buddha |
| 07:30 | Tahbuhla Dam & Oakkan Chaungtha |
| 07:41 | Ecstasy of Life |
| 07:47 | Well-trained Elephants |
| 08:01 | Discovering Tribes: Da Nu (Their Life and Customs) (Part - 2) |
| 08:20 | Myanma Agarwood |
| 08:35 | Myanmar Perspective (Myanmar Geopolitical Aspect) |
| 09:01 | News |
| 09:27 | Tobacco Pipe Making Business (Ywar Lut Village) |
| 09:33 | History And Mystery Behind The Caves |
| 10:02 | Mote Khwe Late from Intaing Village |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လျှာလည်သွားစေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကြက်သားတုံးကြော်

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** မလေ့ရှိးရာသမက်တက်မင်္ဂလာ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ယသ်နန ထုပ်ခွံဖြင့် လူ့အသုံးအဆောင်ပြုလုပ်ခြင်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ဝက်အူချောင်းနှင့်ငှက်ပျောစိုက်ခင်း)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ ကယားလို 'ငိုးအီရိုး'(ခေါ်)တေး

**ဝကကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၄)(ဇာတ်လမ်း)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | လူ့ဘဝထဲကကော်ဖီ |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၂၀ | သတင်းသမားပြောတဲ့သတင်းစကား |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငွေ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၃) |
| ၁၁:၃၀ | အတွေးအမြင်(အပိုင်း-၂) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၀ | ကမ္ဘာရာပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဝက်ပြအစီအစဉ် |
| ၀၇:၀၀ | တောင်သူများပါဝင်ဆင်နွှဲ နိုင်ငံတကာ လယ်ယာသုံးစက်ကိရိယာပြပွဲ |
| ၀၈:၁၅ | ကေတုမတီမှလယ်ကွင်းများဆီသို့ |
| ၀၈:၅၀ | ပဲ၊ နှမ်းစိုက်ပျိုးဝင်ငွေတိုး |
| ၀၉:၂၅ | စပ်မျိုးစပါးနှင့်တို့တောင်သူ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**ကရင်ပြည်နယ် မြဝတီမြို့ရှိ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့က အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ**






မြဝတီမြို့နယ်ရှိ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းအား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့ ဆုတ်ခွာထွက်ပြေးမှုကို တွေ့ရစဉ်။

*** ကရင်ပြည်နယ်မှ**

ထိုကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် သာလွန်အင်အားအသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နေ့စဉ် အကြိမ်ကြိမ်လာရောက်တိုက်ခိုက်ခဲ့သော်လည်း စခန်းရှိ အရာရှိ၊ စစ်သည်များ၏ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်ဖြင့် စနစ်တကျ တန်ပြန်ခုခံပစ်ခတ်မှုများကြောင့် စခန်းအားသိမ်းပိုက်နိုင်ခြင်းမရှိဘဲ အကြမ်းဖက်သမားများအနေဖြင့် အကျအဆုံးများစွာရှိခဲ့ကြောင်း မြေပြင်သတင်းများအရ သိရပြီး ယနေ့တွင်လည်း အကြမ်းဖက်သမားများသည် စခန်းအားသိမ်းပိုက်ရရှိနိုင်ရေး အင်အားများထပ်မံဖြည့်တင်းပြီး ရှစ်ကြိမ်တိုင်တိုင် လက်နက်ကြီး၊ လက်နက်ငယ် ပစ်ကူပစ်အားအသုံးပြု၍ ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့သည်။

ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းမှ တပ်မတော်သားများအနေဖြင့် ယခင်နေ့များကဲ့သို့ပင် ကြံ့ကြံ့ခံ ခုခံပစ်ခတ်ခဲ့သည့်အပြင် အထက်ဌာနများမှ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူတို့အား အချိန်ကိုက်၊ နေရာကိုက် ထိရောက်သော ပစ်ကူပစ်အားပေး၍ အကြမ်းဖက်သမားများအား ချေမှုန်းခဲ့သည်။ သတင်းဖော်ထုတ်ရရှိမှု၊ မြေပြင်သတင်းနှင့် အရပ်ဘက်သတင်းများအရ အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားလျက်ရှိပြီး အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်သို့ စတင်ဆုတ်ခွာထွက်ပြေးလျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသရှိ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းအား မြေပြင်ချိတ်ဆက်မှုရရှိနိုင်ရေးနှင့် အကြမ်းဖက်အဖွဲ့များအား တန်ပြန်ပိတ်ဆို့ချေမှုန်းနိုင်ရေး တပ်မတော်စစ်ကြောင်းများက ချီတက်လျက်ရှိရာ စခန်းအနီးရောက်ရှိနေပြီဖြစ်ကြောင်းနှင့် စခန်းအား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့များ၊ ပတ်ဝန်းကျင်ရှိ အကြမ်းဖက်သမားများအား ထိရောက်စွာ ဆက်လက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါက်မြို့နယ် ရေပြာကျေးရွာရှိ ရေပြာအခြေခံပညာအထက်တန်းကျောင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့်ပစ်ခတ်

**နေပြည်တော် ဇွန် ၂၉**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက် နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေပြာကျေးရွာ အဝင်လမ်းအတိုင်းဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမား အမျိုးသားနှစ်ဦးက ရေပြာအခြေခံပညာအထက်တန်းကျောင်းအတွင်းသို့ လက်လုပ်အသံဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် ကျောင်းအနောက်တောင်ဘက်ရှိ အုတ်တံတိုင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန်အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ အသိပညာပေးဟောပြောခြင်း၊ ပညာပေးဗွီနိုင်းဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာဆောင်များ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများကို ဇွန် ၂၇ ရက်က ပျဉ်းမနားမြို့နယ် မင်္ဂလာရှမ်းကန်၌ ဆောင်ရွက်ခဲ့သည်။

နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်းမြင့်နှင့် တာဝန်ရှိသူများသည် ဇွန် ၂၃ ရက်က ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာမှ ဒေသခံများနှင့်တွေ့ဆုံပြီး ဒေသတွင်းငါးသယံဇာတပိုမိုပေါများလာစေရေးနှင့် ရေရှည်တည်တံ့ပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းရာတွင် ပူးပေါင်းပါဝင်လာရေးတို့ကို ရှင်းလင်းပြောကြားပြီး ကျည်တောင်ကျေးရွာ (အထက်ပေါင်းလောင်းချောင်း) အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေးပိုစတာကို စိုက်ထူပေးပြီး ဒေသခံများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အလားတူ ဇွန် ၂၄ ရက်က လယ်ဝေးမြို့နယ် ဆင်အုံကန်အနီးနှင့် ဒက္ခိဏသီရိမြို့နယ် တပ်ပိုးကျေးရွာ၌ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာပညာပေးပိုစတာများ စိုက်ထူပေးပြီး ဒေသခံပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခနောင်ဖြူ... 

# ဓနုဖြူမြို့နယ်၌ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

**ဓနုဖြူ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေဇရိယာအတွင်းရှိ တောင်သူခုနစ်ဦး၏ လယ်မြေပေါ်တွင် အမှတ်(၃၃) စက်မှုလယ်ယာစခန်း ဓနုဖြူမြို့မှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေငွေမောင်၊ မြို့နယ်စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးဝင်းအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးချစ်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စိတ်ပါဝင်စားသူ တောင်သူ ၇၀ ခန့် တက်ရောက်ကြသည်။



သရုပ်ပြစိုက်ပျိုးပွဲတွင် အမှတ်(၃၃) စက်မှုလယ်ယာစခန်း ဓနုဖြူမြို့မှ မြို့နယ်ဦးစီးမှူး ဦးဝင်းအောင်က ကူဘိုတာအမျိုးအစားခြောက်တန်းသွားကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာတွင် ပျိုးထောင်ရလွယ်ကူခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ပျိုးနုတ်ရန်မလိုခြင်း၊ ပျိုးပင်မနာသဖြင့် ကောက်ပင်လှန်ရက် စောင့်ဆိုင်းရန်မလိုခြင်း၊ ကောက်ပင်များ နေ၊ ရေ၊ လေ အာဟာရမျှတစွာရရှိခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းခြွေလှေ့နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများ၏ သိလိုသည်များ မေးမြန်းမှုကို ဖြေကြားသည်။

သရုပ်ပြပွဲကျင်းပသည့် တောင်သူခုနစ်ဦးပိုင် လယ်မြေဧက ၄၀ ပေါ်တွင် မှော်ဘီ (၃) စပါးမျိုးကို ကောက်စိုက်စက်ဖြင့် တစ်ကွင်းတစ်ဆက်တည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၂၇၇၅ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၀ | ၂၃၇၅ | ၂၃၇၅ | ၂၅၉၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၆ | ၂၁၇၂ |
| 95 Ron | ၂၁၈၄ | ၂၂၆၁ |
| HSD (500 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (50 ppm) | ၂၃၅၄ | ၂၄၃၀ |
| HSD (10 ppm) | ၂၃၅၄ | ၂၄၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ရွှေကူမြို့နယ် အမှတ်(၁) ရပ်ကွက်နေ သဲသဲမိုးသည် ၎င်းအသုံးပြုသည့် "ရွှေမြင့်မိုရ်" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အာကာဟိန်း(ခ)အာကာသည် ၎င်းအသုံးပြုသည့် "Arkar" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ရပ်ကွက်နေ မင်းမင်းစိုးသည် ၎င်းအသုံးပြုသည့် "Min Min Soe" Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ မြင့်မြင့်ဌေး(ခ)မရှမ်းသည် ၎င်းအသုံးပြုသည့် "Ma Shan" Facebook အကောင့်၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်နေ ရွှန်းလဲ့ရွှေစင်နှင့် သိန်းသိန်းညွန့်တို့သည် ၎င်းတို့အသုံးပြုသည့် "Shwe Zin" Facebook အကောင့်နှင့် "Thein Then Nyunt" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သနပ်ပင်မြို့နယ်၌ ကျိုက်ပဒိုင်ရေလွှဲပေါက်အတွင်း ငါးမျိုးစိုက်ထည့်

**သနပ်ပင် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ်အတွင်း ကျိုက်ပဒိုင် ရေလွှဲပေါက်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီ က ကျိုက်ပဒိုင်လေးကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးဇော်မြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)၊ မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ငါးစခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက နှစ်လက်မအရွယ် ငါးမြစ်ချင်းအကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီးအကောင်ရေ ၁၃၀၀၀၀၊ ရွှေဝါရောင် ငါးကြင်းအကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၈၀၀၀၀ ကို ကျိုက်ပဒိုင်ရေလွှဲပေါက်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကွန်ပျူတာတက္ကသိုလ်(ဘားအံ) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



ဘားအံ ဇွန် ၂၉

ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သည့် ပထမနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများအားကြိုဆိုသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မောင်မယ်သစ်လွင် ၃၁ ဦးအတွက် ငွေကျပ် ၆၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး ကွန်ပျူတာတက္ကသိုလ် မောင်မယ်သစ်လွင်များက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြကာ King & Queen ရွေးချယ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ်တို့က ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီးတို့က King & Queen ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မောင်မယ်သစ်လွင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)



# အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် ဆရာ ဆရာမများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဇွန် ၂၉

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် ဆရာ ဆရာမများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိ မြို့ဖများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ငွေများ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် ဆရာ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ဆရာ ဆရာမများကိုယ်စား မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# အလုပ်အကိုင်များဖန်တီးပေးနိုင်မည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုအား ခွင့်ပြု

ရန်ကုန် ဇွန် ၂၉

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ယနေ့တွင် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပြတ်ဆက်လက်ခွင့်ပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အလုပ်အကိုင်များဖန်တီးပေး**

ယနေ့ကျင်းပသည့် အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍ၌ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၃၃၇၃ ဦးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် ငွေကျပ် ၄၄၄၁ ဒသမ ၄၇၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅၉ သန်းတန်ဖိုးရှိသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုဖြင့် လုပ်ငန်းစုစုပေါင်း ခြောက်ခု အား အတည်ပြုပေးခဲ့သည်။ အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ CMP စနစ်ဖြင့် ဆံပင်တုအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုးနှင့်၎င်းတို့၏ ဆက်စပ်ပစ္စည်း အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ထို့ပြင်အစည်းအဝေး၌ အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

စိုးမြင့်အောင်

■

# အာဆီယံ အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

နေပြည်တော် ဇွန် ၂၉

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ယာယီနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေခြင်းဖြစ်ပြီး အပြီးသတ်ကစားသမား ၂၇ ဦးကို ဇွန် ၂၈ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်- ဒေါ်သက်သက်ဝင်း၊ လက်ထောက်



နည်းပြများ- ဒေါ်စန်းစန်းမော်၊ ဒေါ်အေးနန္ဒာလှိုင်၊ ဒေါ်နုနုခိုင်ဝင်း၊ ဂိုးနည်းပြ- ဦးယဉ်မင်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ဇူးလတ်နဒီ၊ နောက်တန်း- ခင်သန်းဝေ၊ ချစ်ချစ်၊ နန့်ဇူးဇူးထက်၊ အေးအေးမိုး၊ မေဖူးကို၊ ခင်မျိုးဝင်း၊ မိုးမမစိုး၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ အလယ်တန်း- ခင်မာလာထွန်း၊ နှင်းပွင့်အေး၊ ခင်မိုမိုထွန်း၊ လင်းမြင့်မိုရ်၊ ဝေဖူးအိမ်၊ နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ ပို့ပို့ပြည့်မောင်၊ ဝင်းဝင်း၊ ခင်မိုးဝေ၊ ရှေ့တန်း- ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်၊ မြတ်နိုးခင်နှင့် စန်းသော်သော်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲအတွက် ဇွန် ၆ ရက်တွင် စတင်လေ့ကျင့်ခဲ့သော်လည်း ဇွန် ၉ ရက်မှ ကစားသမားအစုံအလင် လေ့ကျင့်နိုင်ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအပြီး တစ်လကျော်အကြာတွင် ကျင်းပခြင်းဖြစ်သောကြောင့် မြန်မာအပါအဝင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပြင်ဆင်ချိန်နည်းပါးမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ယူ-၁၈ အမျိုးသမီးအသင်းမှ ကစားသမားအချို့လည်း ရွေးချယ်ခံထားရသည်။

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တီမော၊ လာအိုတို့နှင့် အုပ်စု (ခ)တွင် ပါဝင်နေသည်။ သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး

# လိဒ်ယူနိုက်တက်တောင်ပံကစားသမား ရာဖင်ဟာကို ခေါ်ယူရန် ချယ်လ်ဆီးအသင်း သဘောတူညီမှုရရှိ

ချယ်လ်ဆီးအသင်းဟာ လိဒ်ယူနိုက်တက်အသင်းမှ ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာကို ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

တောင်ပံကစားသမား ရာဖင်ဟာကို ချယ်လ်ဆီးအသင်းရဲ့ လန်ဒန်မြို့ခံပြိုင်ဘက် အာဆင်နယ်အသင်းကလည်း ခေါ်ယူဖို့ စီစဉ်ခဲ့ပြီး အာဆင်နယ်ဟာ ပြီးခဲ့တဲ့သီတင်းပတ်က တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို ခေါ်ယူအားဖြည့်ခဲ့ပြီးနောက် အသက် ၂၆ နှစ်အရွယ်ရှိတောင်ပံကစားသမား ရာဖင်ဟာကို ခေါ်ယူဖို့ စီစဉ်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းကို ကျော်ဖြတ်ကာ ရာဖင်ဟာကို ခေါ်ယူနိုင်ဖို့ နီးစပ်လာခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းဟာ ရာဖင်ဟာကို ခေါ်ယူရန် လိဒ်ယူနိုက်တက်အသင်းနဲ့ သဘောတူညီမှုရရှိထားပြီဖြစ်တာကြောင့် လက်ရှိမှာ ကစားသမားနဲ့ သဘောတူညီမှုရရှိဖို့ မျှော်လင့်နေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းဟာ မန်စီးတီးအသင်းမှ တောင်ပံကစားသမား စတာလင်ကိုလည်း စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ထားပြီး စတာလင်ရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၅၀ ကုန်ကျမှာ ဖြစ်တာကြောင့် စတာလင်နဲ့ ရာဖင်ဟာနှစ်ဦးပေါင်း ပြောင်းရွှေ့ကြေး ပေါင် ၁၀၅ သန်းကုန်ကျမှာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ နောက်တန်း ကစားသမားနှစ်ဦးဖြစ်တဲ့ ရူဒီဂျာနဲ့ ခရစ္စတန်ဆန်တို့ကို အသင်းပြောင်းရွှေ့ခွင့်ပြုထားပြီဖြစ်တာကြောင့် အခုအပြောင်းအရွှေ့အတွင်းမှာ နောက်တန်းကစားသမားနှစ်ဦးကို ထပ်မံခေါ်ယူသွားဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။

ငွေကြယ်

❖

# လူရှေ့တိုင်းရင်းသားပုံပြင်များ

မင်းသက်တင်

**တလွဲမာနဆုံးရှုံးရ**

"အရှင်ဝက်ဝံကြီး အမြန်ပြန်လာပါတော့။ ရေကန်မှာ ကျားကြီးတစ်ကောင် ရေလာသောက်နေပါတယ်။ မသောက်ဖို့ပြောတာလည်း မရပါဘူး၊ အမြန်ပြန်လာပါတော့"

ရေကန်ကို စောင့်ရှောက်ပေးနေရတဲ့ မျောက်ငယ်က အသံကုန်ခြစ်ကာ ဝက်ဝံကြီးကြားလောက်အောင် ဟစ်အော်လိုက်လေတယ်။

ဖြစ်စဉ်ကား ဟိုးရှေးရှေးတုန်းအခါကပေါ့ကွယ်။

ဝက်ဝံကြီးတစ်ကောင်ဟာ သူတစ်ဦးတည်းသောက်သုံးဖို့ ကိုယ်ပိုင်ရေကန်ငယ်တစ်ကန်ကို တူးဖော်ပြုလုပ်ထားလေတယ်။ သူ့ရဲ့ရေကန်ကိုလည်း အခြားသတ္တဝါတွေ ရေလာရောက်သောက်သုံးတာကို ခွင့်မပြုဘူးတဲ့ကွယ်။

"မျောက်ကလေး မင်း ရေကန်ကို စောင့်ရှောက်ထားလိုက်ဦး။ ငါ အခြားတစ်နေရာကို အစာရှာထွက်လိုက်ဦးမယ်။ ရေကန်မှာ ဘယ်သတ္တဝါမှ ရေလာမသောက်စေနဲ့။ လာသောက်တာတွေ့ရင် ငါ့ကို လှမ်းအော်ခေါ်လိုက်၊ ငါ့အကြောင်းသိစေရမယ်"

ဝက်ဝံကြီးက အစာရှာထွက်သွားလေတိုင်း မျောက်ငယ်ကို ရေကန်အား စောင့်ရှောက်ဖို့ အသေအချာ မှာကြားလေ့ရှိတယ်ကွယ့်။

"သောက်ဝံ့ရင် သောက်ကြည့်စမ်း၊ ဝက်ဝံကြီးရဲ့ ကိုယ်ပိုင်ရေကန်မို့လို့ ဘယ်သူ့ကိုမှ သောက်သုံးခွင့် မပြုနိုင်ဘူးတဲ့။ အထူးမှာကြားထားပါတယ်"

ဝက်ဝံကြီးထွက်သွားလို့ မကြာခင်မှာပဲ တောဝက်တစ်ကောင်က ရေကန်



အနီးကို ရောက်လာတယ်။ သန့်ရှင်းကြည်လင်နေတဲ့ရေကို တွေ့တဲ့အခါ တောဝက်က ရေသောက်မယ်အပြုမှာ မျောက်ငယ်က ပြောလိုက်ခြင်းဖြစ်တယ်။ တောဝက်ကလည်း မျောက်ငယ်ရဲ့ စကားကိုကြားရတော့ ဝက်ဝံကြီးကို ကြောက်လန့်ပြီး ရေကို မသောက်ဝံ့တော့ဘဲ ရေကန်အနားက ထွက်ခွာသွားလေတယ်"

"လာပြန်ပြီတစ်ကောင် သောက်ဝံ့ရင် သောက်ကြည့်စမ်း။ ဝက်ဝံကြီးနဲ့ တွေ့သွားမယ်။ ဘာမှတ်နေလဲ"

သမင်တစ်ကောင်က ရေကန်အနီး ရောက်လာကာရေသောက်မယ်အလုပ်မှာ မျောက်ငယ်က ပြောလိုက်ပြန်တယ်။ မျောက်ငယ်ရဲ့စကားကြောင့် သမင်လည်း ရေကိုမသောက်တော့ဘဲ တော်ရာကို ထွက်သွားတော့တယ်"

မျောက်ငယ်လည်း ရေကန်ကို စောင့်ရှောက်နေရတာမို့ သတ္တဝါမျိုးစုံတို့ ရေမသောက်ရလေအောင် ရေကန်အနီးကနေ တတွတ်တွတ်ပြောနေရသတဲ့။ ဝက်ဝံကြီးကိုကြောက်ရွံ့ကြတဲ့အတွက် သတ္တဝါမျိုးစုံတို့ဟာရေကိုမသောက်တော့ဘဲ ရေကန်အနီးကနေ ထွက်ခွာသွားကြတာပေါ့ကွယ်။

နောက်ဆုံးမှာတော့ ရေကန်အနီးကို ကျားကြီးတစ်ကောင် ရောက်လာလေတယ်။ သန့်ရှင်းကြည်လင်တဲ့ရေကို မြင်တဲ့အခါ ကျားကြီးက ရေသောက်ဖို့ ကန်စပ်ကို လျှောက်လာတော့တာပေါ့။ ဒီအချိန်မှာ မျောက်ငယ်က လှမ်းပြောလိုက်တယ်။

"ကိုကျားကြီး ဒီရေကန်က ဝက်ဝံကြီးရဲ့ ကိုယ်ပိုင်ရေကန်ပဲ။ ဒီကန်ကရေကို ဘယ်သတ္တဝါကိုမှ သောက်ခွင့်ပေးမထားဘူး။ ဝက်ဝံကြီးကို မကြောက်ရင်တော့ သောက်ပေါ့ဗျာ။"

ကျားကြီးက မျောက်ငယ်ရဲ့စကားကို ကြားရတဲ့အခါ သဘောကျသွားသတဲ့။ ပြီးတော့ မျောက်ငယ်ကို ပြန်ပြောလိုက်လေတယ်။

"မျောက်ကလေး မင်းက ရေကန်စောင့်ပေါ့ ဟုတ်လား။ ငါကလည်း ကျားလေကွာ။ ဒီတော့ ငါက ဘယ်အကောင်ကို ကြောက်နေရမှာလဲ။ ရေကန်ကရေကို သောက်တာ အဆန်းလုပ်လို့ကွာ။ ရေဆာလို့ ရေသောက်တာပဲ။ ရေကန်ပိုင်ရှင်က ကုသိုလ်တောင်ရသေးတယ်။ မင်းရဲ့ ဝက်ဝံကြီးက စိတ်ပုပ်တာပဲ။ တလွဲမာနတွေ ထောင်လွှားနေတာပေါ့။ ငါကတော့ သောက်မှာပဲ။ ရေကိုသောက်ချင်တဲ့ သတ္တဝါကို သောက်ခွင့်ပြုပေးရတယ်။ ဝမ်းအပြင် အိတ်ပါတာမှမဟုတ်တာ"

ကျားကြီးက မျောက်ငယ်ကို ချိုသာစွာ ပြန်ပြောလိုက်ပြီး ရေကို အားပါးတရ သောက်သုံးနေတော့တာပေါ့။

"အရှင်ဝက်ဝံကြီး အမြန်ပြန်လာပါတော့။ ရေကန်မှာ ကျားကြီးတစ်ကောင် ရေလာသောက်နေပါတယ်။ မသောက်ဖို့ပြောတာလည်းမရပါဘူး၊ ပြောလို့လည်း မရပါဘူးဗျာ။ အမြန်ပြန်လာပါတော့။"

မျောက်ငယ်က အသံကုန်ဟစ်ကာ ဝက်ဝံကြီးကို အော်ခေါ်လိုက်တော့တယ်။ ကျားကြီးကတော့ ရေသောက်မပြတ်ဘူးပေါ့ကွယ်။

"ဟေ့ကောင် ကျားကြီး၊ ငါ့ရဲ့ ကိုယ်ပိုင်ရေကန်မှာ ဘာလို့များ ရေလာသောက်ရတာလဲ။ မင်းတော့ကွာ၊ သေပေတော့ပေ့"

ဝက်ဝံကြီးလည်း မြည်တွန်တောက်တီးဒေါသဖြစ်ကာ ကျားကြီးကို ပြောလေတယ်။ ကျားကြီးကတော့ ရေကိုဝအောင်သောက်ပြီး ကန်ပေါင်ပေါ်ကို ဖြည်းလေးစွာတက်လာတာပေါ့။ ဒေါသဖြစ်ကာ ကြိမ်းမောင်းနေတဲ့ ဝက်ဝံကြီးက ရန်လိုစိတ်နဲ့ဒေါသမီးတောက်လောင်ကာ ကျားကြီးကို တိုက်ခိုက်တော့တယ်။

ဝက်ဝံကြီးနဲ့ ကျားကြီးတို့ဟာ တစ်ကောင်နဲ့တစ်ကောင် သတ်ပုတ်ကြရင်း ချောက်ကမ်းပါးကနေ နှစ်ကောင်စလုံး လိမ့်ကျသွားလေတယ်။ ချောက်ကမ်းပါးကလည်း မတ်စောက်ပြီး တောနက်လေတော့ နှစ်ကောင်စလုံး အသက်ဆုံးရှုံးရတော့တာပေါ့ကွယ်။

မျောက်ငယ်လည်း ရေကန်အပါးကနေ ထွက်ခွာသွားတော့သတဲ့ကွယ်။ ။

■

# တိုင်းရင်းသားရိုးရာစကားထာဥာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ကရင်တိုင်းရင်းသားစကားထာ**

သီလ၊သမာဓိ၊ပညာနှင့် ပြည့်စုံသော ရွာဦးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ဘုန်းကြီးကျောင်းသားလုပ်ကာ ပညာသင်ကြားလျက်ရှိသော ဗညားနှင့်လဂွမ်းအိမ်တို့သည် စည်းကမ်းလိုက်နာမှု အထူးကောင်းသူတို့ဖြစ်သည်။

ဘုန်းကြီးကျောင်းမှသင်ကြားပေးသော လောကီ၊ လောကုတ္တရာ စာပေများကို အထူးလေ့လာမှတ်သားပြီး အတန်းပညာရပ်များကိုလည်း ထူးချွန်ကြသည်။

ဤနေ့သည် မွန်းလွဲတစ်နာရီမှ သုံးနာရီအထိ စာကျက်ပြီး စာပြန်ရသည့်နေ့တစ်နေ့ဖြစ်သည်။

ထို့ကြောင့်ဗညားနှင့် လဂွမ်းအိမ်တို့အပြင် ဘုန်းကြီးကျောင်းရှိ ကျောင်းသားများအားလုံး စာကျက်နေကြရခြင်းဖြစ်လေသည်။ ပေးထားသည့်သင်ခန်းစာများကို အလွတ်ရလျှင် ဆရာတော်ကြီးထံတွင်ဖြစ်စေ၊ ဆရာတော်ကြီးကတာဝန်ပေးသော ဆရာတော်တစ်ပါးပါးထံတွင်ဖြစ်စေ ကျက်ထားသောစာများကို အလွတ်ပြန်ဆိုကြရသည်။

အချို့သင်ခန်းစာများကို စာဖြင့်ပြန်လည်ရေးသားပြသရသည်လည်းရှိသည်။

ဗညားနှင့်လဂွမ်းအိမ်တို့နှစ်ဦး ဆရာတော်ကြီးထံတွင် ယနေ့အတွက် လေ့လာကျက်မှတ်ထားသည်များကို အလွတ်ပြန်ဆိုခဲ့ပြီးပြီလည်းဖြစ်သည်။

"ဗညားရေ နားချိန်ရောက်ပြီဆိုတော့ မန်ကျည်းပင်ကြီးအောက်မှာ စောင့်နေဘ်သူငယ်ချင်း"

လဂွမ်းအိမ်က ဆရာတော်ကြီးချပေးမည့် သင်ခန်းစာအသစ်များကို စောင့်ဆိုင်းနေရင်း အရင်ပြီးနှင့်သွားသည့် ဗညားအား ပြောလိုက်ခြင်းဖြစ်သည်။ ဗညားက လက်မလေးထောင်ပြပြီး ကျောင်းအောက်ထပ်သို့ ဆင်းသွားသည်။

"ဗညားရေ- ဗညား- ငါလာပြီဟေ့"

"ရှိပါတယ်ကွ၊ ငါလည်း မင်းကိုစောင့်နေတာပါ"

"ဆိုပါဦး- ဗညားရာ- ဘာတွေများရှိလို့လဲ၊ ငါ့ကိုစောင့်နေတယ်ဆိုတော့..."

လဂွမ်းအိမ်က မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လှဲချလိုက်ရင်းပြောသည်။

"ထုံးစံအတိုင်းပေါ့ကွာ- ဉာဏ်စမ်းကစားကြဖို့ အချိန်ကျနေပြီလေ"

"ကောင်းတာပေါ့၊ မင်းက အရင်စမေးတော့လေ"

"ဒါဆိုရင် စမေးပြီနော်၊ 'အမေမည်းသော်လည်း သားသမီးဖြူ၏။' တဲ့ ဖြေကြည့်ပါဦး။"

ဗညားမေးလိုက်သည့်အမေးကို လဂွမ်းအိမ်ကစဉ်းစားပြီး အဖြေကို ဆက်ပြောသည်။

"ထမင်းအိုးနဲ့ ထမင်းပေါ့။ ထမင်းအိုးက ချက်တာကြာတဲ့အခါ အိုးအပြင်ဘက်ကမည်းနေပြီး ထမင်းကဖြူနေတာကို ဆိုလိုတာပေါ့၊ ကရင်တိုင်းရင်းသားစကားထာဉာဏ်စမ်းတွေထဲကပဲလေ"

"တော်လိုက်တာ သူငယ်ချင်းရာ၊ ဒီတစ်ခါလည်း ငါပဲဆက်မေးလိုက်ဦးမယ်"

"မေးချင်သေးရင် မေးပါဗျား"

"ပျံတော့အတောင်၊ နားတော့နှုတ်သီးတဲ့၊ အဲဒါဘာလဲ ဖြေစမ်းပါဦးကွာ"

ဗညား၏အမေးကို ကြားကြားချင်း လဂွမ်းအိမ်တစ်ယောက် ခေါင်းကုတ်ရင်း စဉ်းစားဟန်ပြုသည်။

"မေးခွန်းက လွယ်မလိုနဲ့ခက်တယ် ဗညားရေ၊ မင်းကရှာရှာဖွေဖွေမေးတတ်တယ်ကွာ"

"ပန်းပေးရင်တော့ ပြောပေါ့ကွာ။ အဖြေက ရှိပြီးသား"

"ဗညားရေ မင်းမေးတဲ့အမေးကို မဖြေခင်၊ ငါလည်း မင်းကိုမေးခွန်းထုတ်လိုက်ချင်သေးတယ် ရမလား"

"ရပါတယ် လဂွမ်းအိမ်ရာ မေးပါ၊ မေးစမ်းပါ"

"ဆင်တစ်ကောင် ရေကူးသော်လည်း ကျောသာစို၏။ တဲ့၊ အဲဒါဘာလဲ ဖြေပေးပါသူငယ်ချင်း"

"ဟားဟားဟား- သိပ်သိတာပေါ့လဂွမ်းအိမ်ရာ၊ အဲဒီအဖြေက "မိုးရွာစဉ် အိမ်" ပေါ့ကွာ။ ဆင်ရေကူးတဲ့အခါ တစ်ကိုယ်လုံးမစိုဘဲ ကျောကိုသာ စိုသလိုပဲ၊ မိုးရွာစဉ်မှာလည်း အိမ်တစ်အိမ်လုံးကို ရေမစိုတာနဲ့ ခိုင်းနှိုင်းထားတာပါ၊ ကရင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပါပဲ"

"မှန်ပါ့ဗျာ- မှန်ပါတယ်။ မင်းမေးထားတဲ့ မေးခွန်းရဲ့ အဖြေကိုလည်း တစ်ခါတည်းဖြေပါ့မယ်။ မေးခွန်းက "ပျံတော့အတောင်၊ နားတော့နှုတ်သီးတဲ့" အဲဒါဘာကိုပြောတာလဲဆိုတော့ အဖြေက "မြားတံ"ပေါ့။ မြားတံကို လေးနဲ့ပစ်လိုက်တဲ့အခါ လေထဲကိုပျံသန်းတဲ့အခါ အတောင်ပံလိုသွားပြီး မြေမှာ စိုက်ကျတဲ့အခါ နှုတ်သီးနဲ့စိုက်နေသလိုဖြစ်လို့ တင်စားသုံးနှုန်းတာဖြစ်တယ်။ ကရင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပါပဲ"

လဂွမ်းအိမ်၏ တိကျသေချာ မှန်ကန်သောအဖြေနှင့် စကားထာဉာဏ်စမ်းများ၏ မူလအရင်းအမြစ်များကိုပါ ပြောပြနိုင်ခြင်းကြောင့် ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ထိုအချိန်တွင် သံချောင်းခေါက်သံလေးချက် ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရန်အချက်ပေးသံဖြစ်သဖြင့် ဗညားနှင့်လဂွမ်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

ဝတ္ထုတို

# အလွမ်းရာသီ

ကောင်းစစ်လင်း

အခုလို အေးချမ်းတဲ့မိုးရာသီကိုရောက်လာရင် သတိရမိတယ် နန်းမိုရေ။

မိုးရာသီ မိုးစက်မိုးပေါက်တွေဟာ သတိရစရာတွေကိုတူးဆွပေးနေသလိုပါပဲ။ နန်းမို တန်ဖိုးထားနှစ်သက်တဲ့ မချစ်စုနဲ့အတူခွဲမရတဲ့ သူက လွမ်းရုံပဲပေ့ါ။ သတိရလိုက်တာကွယ်။

အချိန်တွေကြာညောင်း နှစ်တွေဟောင်းခဲ့ပေမယ့် ထပ်လောင်း သတိရစရာတွေက ဒီရာသီရောက်တိုင်း အသစ်အသစ်တွေဖြစ်ဖြစ်လာရတာပေ့ါလေ။

"နန်းမိုတို့ပင်လုံက ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၀ မှာရှိတာ။ လွိုင်လင်ခရိုင်ထဲမှာပေ့ါ။ မှတ်ထားဦးနော်၊ ရှမ်းပြည်ဆိုပေမယ့် တောင်းပိုင်းမှာရှိတာ၊ ရှမ်းပြည်တောင်ပိုင်းဆိုပါတော့"

ပင်လုံသူနန်းမိုရဲ့ စကားသံဝဲဝဲလေးကို အမှတ်တရရှိနေဆဲပါ။ အမှတ်ရစရာတွေက အများသားလေ။ တက္ကသိုလ်တွေပြန်ဖွင့်ပြီဆိုတာ ကြားရတော့ သတိရပြန်ရော။ အဲဒီအချိန်က တက္ကသိုလ်လာတက်ခွင့်ရတဲ့ နန်းမိုတစ်ယောက် ခုလိုရာသီမှာ မချစ်စုနဲ့ ရင်းနှီးခွင့်ရခဲ့တာလေ။ အင်းလျားမှာ ဘူးသီးကြော်သွားစားရင်လည်း မချစ်စုက ပါလာတတ်စမြဲ။ မရိုးနိုင်တဲ့ပင်လုံသမိုင်းကြောင်းကို မမောတမ်းပြောပြတတ်သူ နန်းမိုရေ။

"ပင်လုံဟာ သမိုင်းဝင်ဒေသတစ်ခု၊ လွတ်လပ်ရေးရရှိရေးအတွက် အရေးပါခဲ့တာ။ တိုင်းရင်းသားတွေ ဥမကွဲသိုက်မပျက် အေးအတူပူအမျှနေနိုင်အောင် ပြည်မတောင်တန်းပူးပေါင်းရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တဲ့နေရာပေ့ါ။ အလည်တစ်ခေါက်တော့ အရောက်ခေါ်ဦးမယ်နော်"

အသံဝဲဝဲလေးနဲ့ နန်းမိုရဲ့စကားသံလေးကို ခုတိုင်ကြားယောင်နေဆဲပါ။ တကယ်တော့ နန်းမိုက ခေါ်ရှာပါတယ်။ ကျောင်းပိတ်ရက်တွေရောက်တိုင်း ပင်လုံကိုအလည်လိုက်ခဲ့ဖို့ပေ့ါ။ ကျောင်းသာပြီးသွားကြတယ် ပင်လုံကို မရောက်ဖြစ်ခဲ့ပါဘူး။

ခွင့်လွှတ်ပါနန်းမိုရေ။

ပင်လုံကို တစ်နေ့တော့ အရောက်လာမယ်ဆိုတဲ့ဆန္ဒဟာ ခုချိန်ထိတော့ မပြည့်ဝနိုင်သေးဘူးလေ။

"ပင်လုံကိုလေ တောင်ကြီး-လွိုင်လင်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးအတိုင်း လာလို့ရတယ်နော်၊ တောင်ကြီးကနေဆိုရင် လွိုင်လင်ကို ၅၈ မိုင်ခရီးပဲရှိတယ်။ လွိုင်လင်ရဲ့ မြောက်ဘက် ခြောက်မိုင်ဆိုရင် ပင်လုံကို ရောက်ပြီ။ လာမယ်ဆိုရင် ဖုန်းသာကြိုဆက်လိုက်နော်၊ လွိုင်လင်ကနေ စောင့်နေမယ်သိလား"

လွန်ခဲ့တဲ့လေးငါးနှစ်ကအထိ ခေါ်နေတုန်းပေ့ါ။ တွေးမိလိုက်တိုင်း ရင်ကိုလှုတ်ခတ်စေပြန်တယ်။

ခုလို မိုးရာသီအစမှာ နန်းမိုနဲ့အတူ သီးပင်စားပင်တွေစုံလင်တဲ့ ဖေဖေပိုင်ဆိုင်ရာ ဥယျာဉ်ခြံကြီးထဲကို သွားပြီးစားခဲ့၊ သောက်ခဲ့၊ ပျော်ခဲ့ကြတာတွေ အမှတ်တရရှိနေဆဲပါပဲ။ ခြံထဲမှာခုချိန်အထိရှိနေတဲ့ မချစ်စုကလည်း နန်းမိုကို သတိရနေမှာပါပဲ။ နန်းမိုဟာ ခြံထဲမှာရှိနေစဉ်မှာလည်း ပင်လုံရဲ့သမိုင်းကြောင်းတွေကို ပြောပြတတ်သေးတယ်။ မနေ့တစ်နေ့ကလိုပါပဲလေ။

"၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းက ဗမာကိုယ်စားလှယ်၊ ရှမ်းကော်မတီ စော်ဘွားတွေက ခြောက်ဦး၊ ရှမ်းကော်မတီ လူထုကိုယ်စားလှယ်က ခြောက်ဦး၊ ချင်းတိုင်းရင်းသားကိုယ်စားလှယ်သုံးဦးနဲ့ ကချင်ကိုယ်စားလှယ် ခြောက်ဦးတို့က လွတ်လပ်ရေးအတွက် တညီတညွတ်တည်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြတဲ့ အထင်ကရသမိုင်းဝင် ပင်လုံမြို့က ပင်လုံသူဆိုတာ မမေ့နဲ့နော်"

တစ်သက်လုံးမေ့နိုင်မှာမဟုတ်တဲ့ နန်းမိုရဲ့ စကားသံဝဲဝဲလေးတွေပါပဲ။

"ချယ်ရီပန်းတွေပွင့်တဲ့၊ မြင့်မားတဲ့တောင်တန်းတွေဝန်းရံနေတဲ့ ပြည်ထောင်စုအမွေ ပင်လုံမြို့ကလေးမှာ ထင်းရှူး၊ ချယ်ရီတွေပွင့်လန်းပြီး မနောဖြူတဲ့သွေးချင်းတွေဖြစ်တဲ့ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုးတိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတာပေ့ါ။ ကျောင်းမပြီးခင်က မရောက်ဖြစ်ခဲ့ပေမယ့် တစ်ချိန်ချိန်မှာ အကြောင်းအပေါင်းသင့်ရင်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ ထာဝရအတွက်ပါနော်..."

ရန်ကုန်မှာ ဘွဲ့လာယူတုန်းက နန်းမိုပြောခဲ့တဲ့စကားလေ။

ထာဝရအတွက်ပါတဲ့။ နှစ်တွေကြာခဲ့ပြီ။ အဲဒီတုန်းကသာ ပင်လုံကို လိုက်ဖြစ်ခဲ့ရင် ကိုယ်လည်း ပင်လုံသားတစ်ယောက် ဖြစ်နေလောက်ရောပေ့ါ။ ခုချိန်မှာတော့ ကိုယ်ရော နန်းမိုပါ ရွှေရတုတိုင်တဲ့ အသက်အရွယ်တွေနဲ့။

"ပင်လုံဆိုတာ ရှမ်းစကားအနေနဲ့ ပန်လုံတဲ့၊ ကျယ်ဝန်းပြန့်ပြူးတဲ့လွင်ပြင်ကျယ်ကြီး၊ ဒါမှမဟုတ် ကွင်းပြင်ကျယ်ကြီးလို့ အဓိပ္ပာယ်ရတာပေ့ါ။ ဟိုး- ရှေးတုန်းကတော့ လဲချားစော်ဘွားလက်အောက်ခံမြို့တစ်မြို့ဖြစ်ခဲ့ပြီး လဲချားစော်ဘွား အုပ်ချုပ်ခဲ့တာပေ့ါ"

ရွှေရတုအသက်တိုင်တဲ့အထိ နန်းမိုရဲ့ စကားသံဝဲဝဲလေးကို ကြားယောင်နေမိဆဲ။ စကားသံလေးတွေက ခုချိန်အထိ လက်ဆတ်နေဆဲပါပဲကွယ်။ သိပ်ကို သတိရမိပါတယ်နန်းမိုရေ။

ခုတော့လည်း သမိုင်းဝင်အထင်ကရမြို့ကလေးဟာ တိုးတက်ဖွံ့ဖြိုးနေပါပြီ။ သမိုင်းဝင်ပင်လုံပြည်ထောင်စုကျောက်တိုင်၊ ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ စက်မှုအထက်တန်းကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း၊ သာသနိကအဆောက်အအုံတွေနဲ့ ကျန်းမာရေးဆေးရုံဆေးခန်းတွေနဲ့ ဖွံ့ဖြိုးနေပြီပေ့ါ။ ပင်လုံမြို့လေးတိုးတက်နေပါပြီ။ ဝမ်းသာတယ်နန်းမို။ ထာဝရအတွက်ပါလို့ ဖိတ်ခေါ်ခဲ့တဲ့ ပင်လုံကို အသက်နဲ့ခန္ဓာတည်ရှိနေသရွေ့တော့ တစ်နေ့နေ့လာဖြစ်အောင်၊ ရောက်ဖြစ်အောင်လာခဲ့ပါဦးမယ်။ သွေးချင်းတို့နေထိုင်ရာ၊ နှလုံးသားထဲက နန်းမိုနေထိုင်တဲ့ သမိုင်းဝင်အထင်ကရ ပင်လုံမြို့ကို လာဖြစ်အောင်ကြိုးစားနေပါတယ်လို့။

လူသာမရောက်ဖြစ်ပေမယ့် နန်းမိုရှိရာပင်လုံကို ခုလိုရာသီချိန်ရောက်တိုင်း မချစ်စုကိုပဲပို့ပေးလိုက်တာလည်း ရွှေရတုတိုင်ရှိပြီပေ့ါနော်။ ပင်လုံသူနန်းမိုတစ်ယောက် ရန်ကုန်မှာ တက္ကသိုလ်လာတက်ရင်း ရင်းနှီးချစ်ခင်ခွင့်၊ စားသုံးခွင့်ရကာစွဲလမ်းနှစ်သက်သွားတဲ့ နန်းမိုချစ်တဲ့ နန်းမိုမြတ်နိုးတဲ့ မချစ်စုသရက်သီးတွေကိုတော့ နှစ်စဉ်ပင်လုံမြို့သို့ အရောက်ပို့ပေးနေဆဲပါပဲ နန်းမိုရယ်။

မချစ်စုသရက်သီးတွေ ဝင်းဝါမှည့်နေကြပြီလေ။ ။

# ဆလုံတိုင်းရင်းသားလူမှုဘဝ


မနုဿဝင်းမော်

### လှေအိမ်နှင့်နေအိမ်

ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်ပြင်ကိုအခြေပြု၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်တို့တွင် လှည့်လည်သွားလာနေထိုင်ကြသူများဖြစ်သည်။ မေလမှ ဩဂုတ်လအထိ လေးလတာကာလသည် မိုးရာသီကာလဖြစ်သည်။ ထိုအချိန်သည် ပင်လယ်ပြင်၌ လေပြင်းမုန်တိုင်းတိုက်ခတ်သည့်ကာလဖြစ်ခြင်းကြောင့် ပင်လယ်ကမ်းစပ်နှင့်ကျွန်းများပေါ်တွင် ခြေတံရှည်အိမ်များဆောက်လုပ်နေထိုင်ကြသည်။ ထို့အပြင် ကျန်ရှိသည့်ရှစ်လတာကာလဖြစ်သော စက်တင်ဘာလမှ ဧပြီလအထိကို ပင်လယ်ပြင်၌ လှေအိမ်များဖြင့်လှည့်လည်သွားလာနေထိုင်ကြသည်။

ပင်လယ်ပြင်၌သွားလာနေထိုင်စဉ်တွင် ဆလုံတိုင်းရင်းသားလူမျိုးတို့၏အိမ်မှာ ယင်းတို့ပိုင်ဆိုင်သော "ကဗန်းလှေ"များသာဖြစ်သည်။

ဆလုံတိုင်းရင်းသားလူမျိုးများသည် မိုးတွင်းအချိန်မှလွဲ၍ လှေကိုအိမ်လုပ်ထားသည့် လှေအိမ်များဖြင့် ပင်လယ်ပြင်တွင် နေထိုင်ကြသည်။ လှေအိမ်ပေါ်တွင် မိသားစုတစ်စုလုံးသာမက အိမ်မွေးခွေးနှင့် ကြက်များကိုပါ တင်ဆောင်ထားလေ့ရှိသည်။



ဆလုံတိုင်းရင်းသားတို့၏ လှေအိမ်အတွင်း ခင်းကျင်းထားမှုမြင်ကွင်း။

မိုးရာသီအချိန်များတွင်ပင်လယ်ကမ်းစပ်နှင့်ကျွန်းများပေါ်တွင် အုပ်စုလိုက်အနေဖြင့် အိမ်ဆောက်ကာ ယာယီနေထိုင်ကြသည်။ နောင်နှစ်မိုးရာသီများတွင်လည်း မိမိတို့ယခင်ကဆောက်လုပ်ခဲ့ကြသည့် အိမ်များသို့ လာရောက်နေထိုင်ကြသည်။ မိမိတို့အိမ်သို့ ပြန်လာချိန်တွင် အခြားလူများက မိမိတို့ထက်ဦးစွာ ဝင်ရောက်နေထိုင်လျှင်လည်း ဖယ်ရှားခိုင်းခြင်းမပြုဘဲ အတူဝင်ရောက်နေထိုင်ကြသည်။ သို့မဟုတ်ပါက အသစ်ထပ်မံ၍ အိမ်ဆောက်လုပ်နေထိုင်ကြသည်။

ရှေးယခင်က အိမ်ဆောက်ရန် မျောတိုင်ငယ်ခြောက်လုံးနှင့် ဓနိအရွက်အမိုး၊ ဝါးကြမ်းခင်းသာလိုသည်။ တောထဲမှ ခုတ်ယူလာသော မျောတိုင်များ၊ ဝါးများကိုသုံး၍ အိမ်အဖြစ်ဆောက်လုပ်ရာ၌လည်း ခြေတံရှည် တဲငယ်မျှသာဖြစ်ပြီး အခန်းဖွဲ့ထားခြင်းမျိုးမရှိပေ။ အိမ်ဆောက်ရာ၌ အိမ်တိုင်ထူခြင်း၊ လှေကားတပ်ခြင်းများတွင် အယူသီးလေ့၊ နတ်ပူဇော်လေ့မရှိဘဲ မိမိစိတ်ကြိုက်ပင်လယ်ရေစပ်တွင် ဆောက်လုပ်ကြကြောင်း သိရသည်။

ယခုအခါ အချို့သောဆလုံတိုင်းရင်းသားများသည် ပင်လယ်ကမ်းစပ်တွင် ရွာတည်၍ အတည်တကျနေထိုင်လာကြသည်။ တလွန်းရွာတွင် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် အိမ်များဆောက်လုပ်နေထိုင်လာကြသည်။ ငွေကြေးမတတ်နိုင်သူများက ဓနိမိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းများဖြင့် ဆောက်လုပ်နေထိုင်ကြလေသည်။

ဆလုံတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးရှိ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် လူနည်းစုအဖြစ် ကျွန်းများနှင့် ပင်လယ်ကမ်းစပ်များတွင် သီးခြားနေထိုင်ကြသူများဖြစ်ပြီး မြိတ်မြို့နယ်၊ ပုလောမြို့နယ် ဒုန်းကျွန်း၊ တနင်္သာရီမြို့နယ်၊ ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်း၊ ဘုတ်ပြင်းမြို့နယ် လန်းပိကျွန်း၊ မကြုံကလက်ကျေးရွာနှင့် ညောင်ဝိကျေးရွာတို့တွင် ဆလုံတိုင်းရင်းသားလူမျိုးများ နေထိုင်ကြကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲများက ကျေးရွာများ၊ အိုးအိမ်များသတ်မှတ်ပေးချက်အရ ကျေးရွာများ ပေါ်ပေါက်လာပြီး နေအိမ်များအတည်တကျဖြင့် နေထိုင်လာကြပြီဖြစ်သည်။ ယင်းတို့သည် ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ နေထိုင်မှုဘဝ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပြီး ယခုလက်ရှိကာလများတွင် ရှေးယခင်ကထက် တိုးတက်ဖွံ့ဖြိုး စည်ပင်လာပြီဖြစ်သဖြင့် နေထိုင်မှုဘဝများလည်း တိုးတက်လာပြီဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း။ ။ ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခဒေါ်တင်ရီနှင့်အဖွဲ့**

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သူ၏စကားကို ကိုမောင်မောင်ဦး မငြင်းပယ်မိ။ အမျိုးသမီးကစတင်၍ မိုးရေထဲသို့ထွက်သည်။ ကိုမောင်မောင်ဦးသည် သံပတ်ပေးထားသောစက်ရုပ် တစ်ရုပ်အလား သူနောက်သို့ လိုက်ပါလာခဲ့မိသည်။ မိုးရေစက်များ ကိုယ်ပေါ်သို့ကျရောက်လာသည်။ အဝတ်များကို စိုစွတ်စေသည်။ ဘတ်စ်ကားရပ်ထားရာသို့ရောက်သည်။ ကမ္ဘာအေးဘက်သွားမည့်ကားကို အမျိုးသမီးက ရှာဖွေပြီး တက်စီးလိုက်သည်။

ကားမှာ လူချောင်သည်။ ကား၏ နောက်ဆုံးတန်း နှစ်ယောက်ထိုင်ခုံ လွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။

ရုပ်ရှင်နောက်ဆုံးပွဲများ ပြီးစီးခဲ့လေပြီ။ ရုံအတွင်းမှ လူများထွက်လာကြသည်။ စပယ်ယာလုပ်သူက လူခေါ်သည်။ လူများများမရ။ တစ်ယောက်နှစ်ယောက်သာ ကားပေါ်သို့ တက်လာကြသည်။ ကားသမားများအတွက်လည်း ဒိုင်လျော်ရသောနေ့ပင် ဖြစ်လိမ့်မည်ထင်သည်။

သို့နှယ်ဖြင့် ဆယ့်နှစ်နာရီခွဲလောက်တွင် မော်တော်ကားထွက်ဖြစ်သည်။ မော်တော်ကား အတော်ချည်းမောင်းမိလျှင် စပယ်ယာက ကားခလိုက်တောင်းသည်။

"ကျွန်မအတွက်ပါ ပေးလိုက်မယ် မဟုတ်လား"

ကိုမောင်မောင်ဦး ဘာမျှပြန်မပြောဘဲ ရှိစုမဲ့စုငွေထဲမှ ကျပ်တန်တစ်ရွက်ကို ထုတ်ပေးကာ "ကမ္ဘာအေး နှစ်ယောက်" ဟု ပြောလိုက်သည်။

"ရုပ်ရှင်ကြည့်သလားဟင်"

အမျိုးသမီးက စကားစလာပြန်သည်။ ကိုမောင်မောင်ဦး ခေါင်းညိတ်ပြလိုက်သည်။

"ဘာကားကြည့်တာလဲ"

"ဟင်"

"ဘာကားဝင်ကြည့်သလဲလို့မေးတာ"

"ဘာကားမှမကြည့်ပါဘူး"

"ဒါနဲ့ စောစောက ဘာလို့ ခေါင်းညိတ်ပြရတာလဲ"

ကိုမောင်မောင်ဦး အဖြေမပေးဘဲ နေလိုက်သည်။

မိုးရေစွတ်စိုခြင်းကြောင့် ကိုယ်မှာအေးလာသည်။ ကားပြေးနေသောအရှိန်ကြောင့် ပို၍ ချမ်းစိမ့်စိမ့်ဖြစ်လာရသည်။ ကိုမောင်မောင်ဦးသည် လက်ပိုက်ကာ အအေးဒဏ်ကို ကာကွယ်နေရသည်။

အမျိုးသမီးသည် စောစောက အကဲခတ်ခဲ့သည်ထက် အသက်ပိုမိုကြီးရင့်နေကြောင်း တွေ့ရသည်။ အသက်လေးဆယ်နီးပါးလောက် ရှိပြီထင်ရသည်။ ယခုလို လင်းထင်းသောမီးရောင်အောက်တွင် သူ၏အကျည်းတန်ခြင်းကို မြင်တွေ့လာရပေပြီ။

မျက်နှာမှာ ကြမ်းတမ်းရင့်ရော်သည်။ မသေသပ်ဘဲ လွန်ကဲသောခြယ်သမှုနှင့် ခြယ်သရာတွင်သုံးသော အပေါစားပစ္စည်းများကြောင့် ရှိရင်းစွဲထက် ပိုမိုအကျည်းတန်နေသည်။ ကိုယ်ခန္ဓာ အချိုးအဆက်မှာမူ မဆိုးလှ။ လျော့ရဲသော်လည်း ဖွံ့ထွားဆဲရှိသေးသည်။

အမျိုးသမီးသည် ကားပေါ်မှ လူအချို့နှင့် မျက်နှာချင်းဆိုင်မိရန်၊ အကြည့်ချင်းဆုံမိရန် ကြိုးစားနေသည်။ သို့ရာတွင် ကားပေါ်၌ ပါလာသူတိုင်းလိုလိုမှာ ငိုက်မျဉ်းလျက်ရှိကြသည်။ ပင်ပန်းနွမ်းနယ်နေကြသူချည်း ဖြစ်ကြသည်။

အဆုံးတွင် အမျိုးသမီး၏အကြည့်မှာ ကိုမောင်မောင်ဦးထံ ပြန်လည်ကျရောက်လာလေသည်။

သူသည် ရံခါတွင် ကိုမောင်မောင်ဦး၏မျက်နှာကို စောင်းငဲ့ကြည့်သည်။ တစ်ခါတစ်ရံ ဘေးဘက်သို့ ကြည့်သလိုလိုနှင့် မျက်လုံးချင်းဆုံမိစေရန် ကြိုးစားသည်။

ကိုမောင်မောင်ဦးနှင့် အမျိုးသမီးတို့ ကိုယ်ချင်း ပူးကပ်နေသည်။ ပေါင်သားချင်းထိတွေ့နေသည်။ ကားက ယိမ်းထိုးသည်ကိုအကြောင်းပြုကာ မိမိဘက်သို့ တိုးလာကြောင်း သတိထားမိသည်။ ဤသည်ကို မလုံမလဲရှိမိဟန်ဖြင့် အမျိုးသမီးက မေးပြန်သည်။

"ချမ်းမနေဘူးလား"

"မချမ်းပါဘူး"

"ကြည့်ရတာ ချမ်းနေသလိုပဲ"

မော်တော်ကားသည် လမ်းအသွယ်သွယ်ကို ဖြတ်ခဲ့သည်။ ရပ်ကွက်အတန်တန်ကို ကျော်ခဲ့သည်။ တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင် ရပ်ခဲ့သည်။ သို့နှယ်ဖြင့် ပါရမီရိပ်သာထိပ်ဖြစ်သော ချော်တွင်းကုန်းမှတ်တိုင်နှင့် တစ်စစ နီးကပ်လာသည်။

သည်တွင် ကိုမောင်မောင်ဦးသည် မိမိသွားရမည့်နေရာအတွက် တွေးတောစဉ်းစားခြင်းပြုမိသည်။

ကိုကျော့မောင်ကို အမှတ်ရသည်။ ကိုကျော့မောင်ထံ သွားရမည်ကို စိတ်ထဲက မနှစ်သက်သလို ခံစားရပြန်သည် သွားရသည်ပဲထား သည်အချိန်မျိုးတွင် နှိုးပြီး အိမ်အတွင်းဝင်ရမည်ကို စိတ်မှာ စနိုးစနောင့်ဖြစ်မိသည်။

ကိုမောင်မောင်ဦးသည် အမျိုးသမီးဘက်သို့ ကြည့်လိုက်သည်။

"ဒီမယ်၊ ကမ္ဘာအေးမှာ မင်းအိမ်ရှိသလား"

အမျိုးသမီးက ကိုမောင်မောင်ဦးအား ပြုံး၍ကြည့်သည်။

"ဘာလဲ ကျွန်မကို ဇရပ်မှာနေတယ်ထင်လို့လား"

"အိမ်မှာ လူတွေအများကြီးလား"

အမျိုးသမီး၏အကြည့်က စူးစိုက်လာလေသည်။ မျက်နှာကို အကဲခတ်သလို ကြည့်လာခြင်းဖြစ်သည်။ အဖြေကို တော်တော်နှင့် ပေးမလာခဲ့။

"ဘာလုပ်ဖို့ မေးတာလဲဟင်"

သူ၏အမေးကို အဖြေမပေးဘဲ ပြန်မေးသည်။

"မင်းအိမ်ကို လိုက်လာခဲ့လို့ရမလား"

အမျိုးသမီး၏မျက်နှာမှာ ရုတ်ခြည်း ရွှင်ပျလာသည်။

"ဒါမျိုးရှင်။ စောစောက ပြောရောပေါ့။ လိုက်လို့သာရမယ်ဆိုရင် တကယ်လိုက်ခဲ့မှာလား"

"တကယ်လိုက်ခဲ့မှာပေါ့။ ဒါပေမဲ့ ကိုယ့်မှာ ငွေ များများစားစားတော့ မပါဘူး"

"တစ်ရာမျိုး ကိုးဆယ်မျိုးပါရင် ရပါတယ်"

"အဲဒီလောက်အထိမပါလို့ ပြောနေတာ"

အမျိုးသမီးက အသံထွက်အောင် ရယ်လိုက်သည်။

"မတွေ့မယ့် မတွေ့တော့လည်း မတွေ့။ တွေ့မယ့် တွေ့တော့လည်း သူနဲ့မှလာတွေ့နေရပါလား။ ကဲပါရှင်၊ မထူးတော့ပါဘူး။ ရှင်နဲ့ကျွန်မဟာ ဒီညအဖို့ ကံတူအကျိုးပေးတွေ မဟုတ်လား။ မိုးခိုတော့လည်း အတူတူ၊ ကားစီးတော့လည်း အတူတူ ဒီတော့ ရှင်နဲ့ပတ်သက်လို့ ကျွန်မ အကျိုးအမြတ်သဘော မတွက်ချင်တော့ပါဘူး။ လိုက်ခဲ့ပေါ့ ဟုတ်လား"

ကားသည် ချော်တွင်းကုန်းမှတ်တိုင်ကို လွန်ခဲ့သည်။ ပါရမီလမ်းကို ကျော်ခဲ့သည်။

"တော်သေးတာပေါ့။ အရက်ပြတ်ခွက်ကပ်နဲ့မူး ဆိုတာလို ရှင်နဲ့တွေ့ရတာ နတ်သိကြားမတယ်လို့ သဘောထားရတော့မှာပဲ"

အမျိုးသမီးသည် စကားပြောရင်း ရယ်နေသည်။

များမကြာမီ ကမ္ဘာအေးသို့ရောက်လာကြသည်။ စာတိုက်မှတ်တိုင်တွင် ဆင်းကြသည်။ တစ်ကြိမ်မိုးမိကြပြန်သည်။

အမျိုးသမီးက မည်းမှောင်ကျဉ်းမြောင်းကာ ကောက်ကောက်ကွေ့ကွေ့နိုင်သောလမ်းအတိုင်း ဦးဆောင်ခေါ်ငင်လာသည်။ လမ်းမှာ မညီညာ။ နေရာတကာမှာ ရွံ့ဗွက် ရေအိုင်များရှိနေသည်။ ချော်ချွတ်နေသည်။

ကိုမောင်မောင်ဦးသည် အမျိုးသမီး၏ နောက်မှ တိတ်ဆိတ်စွာ လိုက်ခဲ့သည်။ မဝေးလှသောနေရာတွင် လယ်ကွက်များရှိသည်။ ဖားအော်သံများ ကြားနေရသည်။

တစ်ရပ်ကွက်လုံး အိပ်စက်နေကြဟန်တူသည်။ အိမ်များတွင် မီးရောင်လဲ့လဲ့ကိုသော်မျှ မမြင်ကြရ၊ လူတစ်စုံတစ်ယောက်ကိုမျှလည်း မတွေ့ရ။ ကိုမောင်မောင်ဦးရင်ထဲမှာ စနိုးစနောင့်ရှိလာသည်။ အမျိုးသမီးအပေါ် မယုံသင်္ကာဖြစ်လာမိသည်။ သို့ပေမဲ့ များစွာ ကြောက်လန့်ခြင်းတော့ မဖြစ်မိ။ မိမိတွင် မျက်စိကျဖွယ်ရာ၊ မက်မောဖွယ်ရာပစ္စည်း တစ်စုံတစ်ရာ မပါသည့်အဖြစ်ကို တွေးမိသည်။ ပြီးလျှင် သူ့၌ အခြားရွေးချယ်သွားရောက်ရမည့် နေရာသည်လည်းမရှိ။

သူတို့သည် အိမ်တစ်ဆောင်ရှေ့သို့ ရောက်လာကြသည်။ တံခါးပိတ်ထားသော အိမ်တစ်ဆောင်ဖြစ်သည်။ အမျိုးသမီးက အိမ်တံခါးကို ခေါက်လိုက်သည်။ အတွင်းမှ ရုတ်တရက် တုံ့ပြန်မှုမရ။ ကိုမောင်မောင်ဦးသည် အိမ်တံစက်မြိတ်အောက်သို့ ဝင်၍ ရပ်လိုက်သည်။

တော်တော်နှင့် ခေါ်မရသောအခါ တံခါးကို တဗုန်းဗုန်း ထုလိုက်သည်။ ထိုအခါကျမှ အတွင်းမှ အသံသဲ့သဲ့ကို ကြားရသည်။

"ဘယ်သူလဲ"

အတွင်းမှ မိန်းမတစ်ယောက်၏ အသံပေါ်လာသည်။ အသံရှင်မှာ အိပ်ချင်မူးတူး ဖြစ်နေဟန်တူသည်။

"ကိုယ်ပါ။ မတင်ရွှေပါ၊ တကတဲ သူ့ကို နှိုးရတာ ကာလနဂါးနှိုးရတာကျနေတာပဲ"

အပြင်မှ အမျိုးသမီးက ရန်တွေ့နေသေးသည်။ ကိုမောင်မောင်ဦးသည် အမျိုးသမီး၏အမည်ကို စိတ်ဖြင့် မှတ်ထားလိုက်မိသည်။

မကြာမီ တံခါးပွင့်လာသည်။ အိမ်အတွင်းမှအလင်းရောင် ကိုမောင်မောင်ဦး ကိုယ်ပေါ်သို့ ကျရောက်လာသည်။

"ဩော်၊ ဧည့်သည်လည်းပါလာပါလား"

တံခါးဖွင့်ပေးသူ မှတ်ချက်ချသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"အမျိုးသမီးက မည်းမှောင်ကျဉ်းမြောင်းကာ ကောက်ကောက်ကွေ့ကွေ့နိုင်သောလမ်းအတိုင်း ဦးဆောင်ခေါ်ငင်လာသည်။ လမ်းမှာ မညီညာ။ နေရာတကာမှာ ရွံ့ဗွက် ရေအိုင်များ ရှိနေသည်။ ချော်ချွတ်နေသည်။ ကိုမောင်မောင်ဦးသည် အမျိုးသမီး၏နောက်မှ တိတ်ဆိတ်စွာ လိုက်ခဲ့သည်။ မဝေးလှသောနေရာတွင် လယ်ကွက်များရှိသည်။ ဖားအော်သံများ ကြားနေရ . . . တစ်ရပ်ကွက်လုံး အိပ်စက်နေကြဟန်တူသည်။ အိမ်များတွင် မီးရောင်လဲ့လဲ့ကိုသော်မျှ မမြင်ကြရ၊ လူတစ်စုံတစ်ယောက်ကိုမျှလည်း မတွေ့ရ။ ကိုမောင်မောင်ဦးရင်ထဲမှာ စနိုးစနောင့်ရှိလာသည်။ အမျိုးသမီးအပေါ် မယုံသင်္ကာဖြစ်လာမိသည်။ သို့ပေမဲ့ . . ."**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇွန် ၂၉

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDMဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းသို့ အင်အားအလုံးအရင်းဖြင့် အကြိမ်ကြိမ်လာရောက်တိုက်ခိုက်သည့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

နေပြည်တော် ဇွန် ၂၉

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တပ်မတော်၏ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းသို့ ဇွန် ၂၆ ရက်မှစ၍ PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့မှ အင်အားအလုံးအရင်းဖြင့် နေ့စဉ်အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳



မြဝတီမြို့နယ်ရှိ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းအား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့ ဆုတ်ခွာထွက်ပြေးမှုကို တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒုမ္မာဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်